www.free4readers.com

ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည်

# ရာဇဝတ် ဂျာနယ်
**Crime News Journal**

အတွဲ(၂၃)၊ အမှတ်(၂၁)    ၂၀ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၉ ခုနှစ်

**ကူညီပါရစေ**

မြို့တော်အတွင်း ခုစရိုက်သမားများအတွက် နေရာမရှိစေရ။
ပြည်သူလုံခြုံမှုအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစွမ်းကုန်ဆောင်ရွက်ပါမည်။
ပြည်သူလူထုမှ ပူးပေါင်းပါဝင် ကူညီကြပါ။
ထူးခြားမှုသတင်းနှင့် ဖြစ်စဉ်များအတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန်။

| | | |
|---|---|---|
| ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ | - | ၀၉၉ ၂၁၇၅၅၀၁၊ ၂၁၇၅၀၂၊ ၂၂၁၃၃ |
| အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - | ၀၉၉ ၇၀၈၁၀၃၊ ၂၅၅၂၆၀၊ ၃၇၆၁၆၆ |
| အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - | ၀၉၉ ၂၀၁၇၆၁၊ ၂၉၆၁၀၀၊ ၂၉၀၁၀ |
| မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - | ၀၉၉ ၆၄၅၀၂၀၊ ၆၄၅၀၂၃၊ ၆၄၅၀၂၄ |
| တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | - | ၀၉၉ ၀၅၆-၂၁၀၄၂၊ ၀၅၆-၂၁၅၂၉ |

## ဆယ်ကျော်သက် မိန်းကလေးကို အသက်(၆၀)ကျော်အရွယ်က အဓမ္မပြုကျင့်ခဲ့ရာ ကိုယ် ဝန် ပျက် ကျ မှ မိ ဘ တွေ သိ လို့ ရဲ တိုင်

PAGE 5



## သေခြင်းတရားကို မလွန်ဆန်နိုင်လို့ အပြစ်မပြောလိုပေမဲ့ ပြင်ပလူနာဌာနတစ်ခုရဲ့ ဆူပေါက်ပြောဆိုနှင့်လွှတ်တာ အခုထက်ထိ ရင်မှာနာနေဆဲပါ

PAGE 24

## အမှုရင်ဆိုင်နေရတဲ့ ခင်ပွန်းဖြစ်သူရဲ့ ဇနီးကို အဓမ္မပြုကျင့်ရန် ကြိုးစားခဲ့တဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးကို ကျောက်ဆည်ရဲက အမှုဖြင့်ဖမ်းဆီး

PAGE 23



PAGE 8

## အသက်(၁၅)နှစ်အရွယ် ဆိတ်ကျောင်းတဲ့ မိန်းကလေးကို တစ်ရွာတည်းသားက သားမယားပြုကျင့်ရန်ကြံစည်

## မယားကို ပေါက်ဆိန်နဲ့ခုတ်ပြီး ယောက္ခမလည်ပင်းကိုဖြတ် အိမ်သာထဲယူထားခဲ့သူကို ရဲကလိုက်ဖမ်းပြီ

PAGE 2

## အမေကို လည်ပင်းလိမ်ချိုးသတ်လိုက်တဲ့ အမေကို အရေးယူပေးပါလို့ သားက ရဲစခန်းလာတိုင်

PAGE 21

## အငှားယာဉ်မောင်းကို ဓားနဲ့ထိုးတိုက်ပြီး ကားလုပြေးတဲ့ အယောင်ဆောင်ခရီးသည်ကို ရဲက ကားနဲ့အတူဖမ်းဆီးနိုင်ခဲ့

PAGE 7

## ရန်ကုန် ဘုန်းကြီးလမ်းတွင် ချစ်သူသစ်နဲ့တွဲလာသော အမျိုးသမီးကို ရည်းစားဟောင်းဖြစ်သူက ဓားဖြင့်ထိုးလို့ သေးရုံရောက်သွား

PAGE 22

## ပွဲစားနဲ့ အဆက်အသွယ်ဖြတ်လို့ ကူဝိတ်သို့သွားမည့် နီပေါနိုင်ငံသူ ဟုဇွန်တောင်တည်းခိုခန်း၌ ရှာဖွေတွေ့ရှိ

PAGE 12



www.free4readers.com



# အသိတရားနဲ့ယှဉ် မှုခင်းကာင်းဝင်

ရှင်တော်ဗုဒ္ဓ၏အဆုံးအမများ ဆရာတော်များ၏ အဆိုအမိန့်များကို အခြေခံ၍ ဆရာကာတွန်းစိန်ကြီးမှ သူ၏အတတ်ပညာဖြင့် ရေးသားပုံဖော်ထားသည်များအား မှုခင်းကြိုကာအဖြစ် မှုခင်းသတင်းဂျာနယ်ပရိသတ်အတွက် အပတ်စဉ် ဖော်ပြပေးသွားပါမည်။




# တရုတ်နိုင်ငံသို့ပို့မည့် တရားမဝင် သစ်ကား (၁၂)စီး ဖမ်းဆီးရမိ

ကချင်ပြည်နယ် ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ မိုးမောက်-လွယ်ဂျယ် ကားလမ်းပေါ်တွင် တရုတ်နိုင်ငံသို့ပို့ဆောင်မည့် တရားမဝင်သစ်များ တင်ဆောင်ထားသည့် မော်တော်ယာဉ်(၁၂)စီးတို့ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။







ဖြစ်ပွားပုံမှာ ၃၁-၁-၂၀၁၉ ရက် မွန်းလွဲ ၃ နာရီအချိန်တွင် ဗန်းမော်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့် သစ်တောဝန်ထမ်းများ၊ မိုးမောက်မြို့နယ် သစ်တောဦးစီးမှူးနှင့် သစ်တောဝန်ထမ်းများ၊ မိုးမောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်နှင့် တာဝန်ရှိသူများ မိုးမောက်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် မျိုးကျော်နှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမောက်-လွယ်ဂျယ်သွားကားလမ်း၌ တရားမဝင်သစ်များ သယ်ဆောင်နေကြောင်း သတင်းအရ သွားရောက်ရှာဖွေစစ်ဆေးခဲ့ကြသည်။

ထို့သို့ရှာဖွေခဲ့ကြသဖြင့် မိုးမောက်မှ လွယ်ဂျယ်သို့သွားလမ်း မိုင်တိုင်အမှတ်(၄)မှ စတင်၍ လမ်းတစ်လျှောက် ရှာဖွေခဲ့ကြရာ တရားမဝင်သစ်များ တင်ဆောင်ထားသော မော်တော်ယာဉ်(၁၂)စီးအား ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများမှ ဖမ်းဆီးရမိသော သစ်မျိုးစုံနှင့် မော်တော်ယာဉ်များအား မိုးမောက်မြို့နယ်၊ သစ်တောရုံးသို့ သယ်ဆောင်ခဲ့ကြပြီး သစ်အမျိုးအစားခွဲ၍ တိုင်းတာစစ်ဆေးခဲ့ကြရာ ကျွန်းပျဉ်(၄၅၁)ချောင်း။ (၁၂ ဒသမ ၄၆၃)တန်၊ တန်မလန်း(၂၂)ချောင်း။ (၀ ဒသမ ၃၇၂၆)တန် ပိတောက်(၅၉၉)ချောင်း။ (၇ ဒသမ ၁၉၈၈)တန်၊ စုစုပေါင်း ခွဲသားချောင်းရေ (၁၀၇၂)ချောင်း။ စုစုပေါင်း(၂၀)ဒသမ (၀၃၈၅)တန် သိမ်းဆည်းရမိခဲ့ကြသည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်သစ်များ သယ်ဆောင်လာသူများအား ဖမ်းဆီးရမိနိုင်ရေးအတွက် မိုးမောက်မြို့မရဲစခန်းမှ အပူတပြင်း စုံစမ်းရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

ချွန်တွန်း

# ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသည့် မြန်မာအလုပ်သမား(၅)ဦးကို အလုပ်သမားသံအရာရှိရုံးက ကယ်တင်ခဲ့



ထိုင်းနိုင်ငံ၊ လယောင်ခရိုင်မှ လူကုန်ကူးခံရသည့် မြန်မာနိုင်ငံ၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စကုမြို့နယ်၊ မုတ်ခဲ၊ ရွှေချောင်း၊ မြောင်းခြားနှင့် အိုင်မကျေးရွာတို့မှ မြန်မာအလုပ်သမား အမျိုးသား(၄)ဦး၊ အမျိုးသမီး(၁)ဦးတို့ကို ၆-၂-၂၀၁၉ နေ့၌ အလုပ်သမားသံအရာရှိရုံးက သွားရောက်ကယ်တင်ခဲ့ရကြောင်း သိရသည်။

ပွဲစားဖြစ်သူထံ အလုပ်သမားတစ်ဦးလျှင် မြန်မာငွေကျပ်(၇)သိန်းခန့်ပေးခဲ့ရပြီး တရားဝင် MOU စနစ်ဖြင့် ပို့ဆောင်ပေးမည်ဟု ပြောဆိုခဲ့သော်လည်း အလုပ်သမားများကို မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ မြေတ္တာမြို့နယ်ခွဲ၊ ဆင်ဖြူတိုင်ရွာအနီးရှိ ထီးခီးနယ်စပ်ဂိတ်မှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ် (Border Pass) ဖြင့် ထိုင်းနိုင်ငံဘက်သို့ ၂၀၁၈ ခုနှစ် အောက်တိုဘာလက ခေါ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ရွာဘက်က ပွဲစား ကိုရဲကို ရောက်လာပြီး ထိုင်းမှာအလုပ်ကောင်းတယ်။ အုန်းသီးစက်ရုံ၊ နာနတ်သီးစက်ရုံနဲ့ သစ်စက်မှာ ပုတ်ပြတ်လုပ်ရင် တစ်နေ့ကို ဘတ် ၁၀၀၀ လောက်ရတယ်ပြောလို့ ယုံကြည်ပြီးလိုက်ခဲ့တာ"လို့ အလုပ်သမဖြစ်သူ မခက်ဝေဝေအောင်က ပြောသည်။

ထို့အပြင် လူကုန်ကူးခံရသူ တစ်ဦးဖြစ်သည့် ကိုအောင်ကိုမင်းကလည်း "ကျွန်တော်တို့ရွာနီးနားချင်းတွေစုပြီး လာကြတာ အားလုံးပေါင်း ၁၅ ယောက်ပါ။ ရန်ကုန်မှာ PJ စာအုပ်လုပ်ပေးတော့ ကျွန်တော်တို့ထင်တာက တရားဝင်ပဲလို့ထင်နေကြတာ၊ ကျွန်တော်တို့ကို တရားမဝင်နည်းနဲ့ ထိုင်းနိုင်ငံကိုပို့ဆောင်တာကို လုံးဝမသိရဘူး။ ပတ္တယာမြို့က ဆောက်လုပ်ရေးမှာ (၁)လလောက်ပဲ အလုပ်လုပ်ကိုင်ရပြီး အလုပ်ကနေမောင်းထုတ်ခံရလို့ အသိမိတ်ဆွေတွေရှိတဲ့ လယောင်မြို့ကို ရောက်လာခဲ့တော့လည်း အခန်းထဲမှာ ရက်(၂၀)လောက်ပုန်းပြီးနေခဲ့ရတယ်။ နောက်ဆုံး ကျွန်တော်တို့အတွက် လုံခြုံမှုမရှိဘူးဆိုတာ သိလာရတာနဲ့ အလုပ်သမားသံအရာရှိရုံးထံ ဖုန်းဆက် အကူအညီတောင်းခံခဲ့ခြင်းဖြစ်ပါတယ်"ဟုပြောသည်။



အလုပ်သမားများသည် မိမိတို့ကို တရားမဝင်နည်းဖြင့် ပို့ဆောင်ခဲ့ခြင်းကို ထိုင်းနိုင်ငံသို့ရောက်ရှိပြီး (၁)လခန့်အကြာတွင် လုပ်ဖော်ကိုင်ဖက်များ၏ ပြောကြားချက်အရသိရှိခဲ့ရသော်လည်း ထိုင်းနိုင်ငံသို့လာရောက်ရန်အတွက် ရွာမှအတိုးဖြင့် ပိုက်ဆံချေးငှားလာခဲ့ရသဖြင့် အလုပ်ကိုင်အဆင်ပြေလိုပြေငြား ဆက်လက်လုပ်ကိုင်ရာတွင် အဆင်မပြေဖြစ်ရာမှ အလုပ်သမားသံအရာရှိရုံးသို့ ဖုန်းမှတစ်ဆင့်ဆက်သွယ် အကူအညီတောင်းခံခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"အလုပ်သမား (၅)ယောက်ကို နေရပ်ပြန်ပို့ရေးအတွက် ဆောင်ရွက်နေစဉ် ဘန်ကောက်မြို့ရှိ MOEAF Call Centre မှာ ထိန်းသိမ်းစောင့်ရှောက်ပေးထားသလို သူတို့ရဲ့စိတ်ဆန္ဒရှိလို့ ထိုင်းနိုင်ငံမှာ ပြန်လာပြီး အလုပ်လုပ်ကိုင်လိုသူတွေအတွက်လည်း စီစဉ်ပေးနေပါတယ်"လို့ အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးက ပြောသည်။

၂၀၁၈ ခုနှစ် တစ်နှစ်တာကာလအတွင်း ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်လမ်းများမှတစ်ဆင့် ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား စုစုပေါင်း(၂၄၆)ဦးတို့ကို အလုပ်သမားသံအရာရှိရုံးအနေဖြင့် သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

ထိုင်းနိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ မြန်မာနိုင်ငံသားများအနေဖြင့် လူကုန်ကူးမခံရစေရန်နှင့် မှန်ကန်သောရွှေ့ပြောင်းသွားလာမှုဖြစ်စေရေးအတွက် တရားဝင်အလုပ် သွားရောက်လုပ်ကိုင်နိုင်မည့်နည်းလမ်းများ၊ အခွင့်အရေးများနှင့် ပတ်သက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်များရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ အလုပ်သမားသံအရာရှိရုံး (ဘန်ကောက်)တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

ဇေယျာအောင်(မှုခင်း)

www.free4readers.com



## ဗီရိုအား ဂန်းမော်တာနဲ့ မှုလီစုပ်နေသူက အနီးရှိ ဖခင်ကို သူဓာတ်လိုက်နေတယ်ပြောရင်း လဲကျသေဆုံးသွား

၅-၂-၂၀၁၉ ရက်၊ နံနက် ၁၁ နာရီခွဲအချိန်ခန့်တွင် ဒုရဲအုပ်ကြူမွေး တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ အောင်ဘောဂလမ်းရှိ နေအိမ်တွင် လူတစ်ဦး ဓာတ်လိုက်သေဆုံးနေကြောင်း သတင်းအရ စခန်းမှူး ဒုရဲမှူးစိုးဝင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အဆိုပါနေအိမ်တွင် နေထိုင်သော ဟန်လင်းဇော်(၂၅)နှစ်၊ ပရိဘောဂလုပ်ငန်းဖြစ်ပြီး နေအိမ်အောက်ထပ်ရှိ ထမင်းစားခန်းတွင် သုံးထပ်ဗီရိုတစ်ခု၊ မီးပလပ်ခုံတစ်ခု၊ ပလပ်ကြိုးတပ်ထားသော ဂန်းမော်တာတစ်ခုတို့အား တွေ့ရှိရပြီး အလောင်းအား စစ်ဆေးရာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိဘဲ ပက်လက်အနေအထားဖြင့် နှုတ်ခမ်းပြာ၍ ဓာတ်လိုက်သေဆုံးနေသည်ကို တွေ့ရှိရသည်။

၎င်း၏ဖခင်ဖြစ်သူ ဦးအုန်းခိုင်(၅၂)နှစ်၊ ဈေးရောင်း၊ (လိပ်စာတူ)နေသူ၏ ပြောပြချက်အရ ၎င်းသည် နံနက် ၁၁ နာရီအချိန် နေအိမ်အပေါ်တွင် ရှိနေစဉ် ဟန်လင်းဇော်သည် နေအိမ်အောက်ထပ်တွင် သုံးထပ်ဗီရိုအား ဂန်းမော်တာဖြင့် ပလပ်ထိုး၍ သုံးထပ်ဗီရိုအား မှုလီစုပ်နေစဉ် ဓာတ်လိုက်သည်ဟု ပါးစပ်မှအော်၍ပြောဆိုသဖြင့် ဦးအုန်းခိုင်မှ သွားရောက်ကြည့်ရှုရာ ပက်လက်အနေအထားဖြင့် လဲနေသည်ကို တွေ့ရှိရကြောင်း ပြောပြသိရှိရပြီး အလောင်းအား သန်လျင်ဆေးရုံသို့ ပို့အပ်ခဲ့ရာ အလုပ်ကျဆရာဝန်မှ လက်ခံစစ်ဆေးလျက်ရှိသောကြောင့် ဒုရဲအုပ်ကြူမွေးမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် သန်လျင်မြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၇/၂၀၁၉)ဖြင့် အမှုဖွင့်ပြီး အမှုစစ်မှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

တာနွယ်

## ယုံကြည်စွာအပ်နှံထားသည့် ရွှေထည်ပစ္စည်းများနှင့်ငွေများကိုသမီးဖြစ်သူက ယူဆောင်ထွက်ပြေး တိမ်းရှောင်နေသဖြင့် မိခင်ဖြစ်သူမှတိုင်ကြား

"ကျွန်ယုံလျှင် တစ်ဖက်ကန်း""သား /သမီးယုံတော့ စုံလုံးကန်း"ဆိုသည့် စကားပုံ ကြားဖူးခဲ့ပေမဲ့ အခုတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ကိုင်းကြီးကုန်းကျေးရွာတွင် သမီးဖြစ်သူကို ယုံကြည်လို့အပ်နှံထားတဲ့ ရွှေထည်ပစ္စည်းနှင့်ငွေများအား ယူဆောင်ထွက်ပြေးတိမ်းရှောင်နေလို့ မိခင်ဖြစ်သူက ရဲစခန်းမှာ ၆-၂-၂၀၁၉ ရက် ည ၇ နာရီခွဲအချိန်က အမှုဖွင့်တိုင်ကြားခဲ့သော ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒေါ်ကြီးခင်(၈၄)နှစ်၊ ကိုင်း ကြီးကုန်းကျေးရွာ၊ ကောလင်းမြို့နယ်နေသူသည် (၁)ကျပ်သားခန့်ရှိ ရွှေလက်ကောက်(၆)ကွင်း တန်ဖိုးငွေကျပ်(၅၄)သိန်းခန့် (၂)ကျပ်သားခန့်ရှိ ရွှေလက်ကောက် (၁)ကွင်း တန်ဖိုးကျပ်(၁၈)သိန်းခန့် (၅)ကျပ်သားခန့်ရှိရွှေဆွဲကြိုး(၁)ကုံး တန်ဖိုး (၄၅)သိန်းခန့်တို့အား သမီးများဖြစ်ကြသော မခင်မြင့်၊ မခင်ဝင်း၊ မနီငွေ၊ မခင်စန်းမြင့်တို့ ညီအစ်မ(၄)ဦးအမည်များဖြင့် ရွှေဘောက်ချာများလုပ်ပေးကာ နေအိမ်အပေါ်ထပ် သံသေတ္တာအတွင်း သော့မခတ်ဘဲ သိမ်းဆည်းထားကြောင်း၊ ၎င်းပြင် စပါးရောင်းချရငွေကျပ်သိန်း(၂၄၀)အား သမီး မခင်စန်းမြင့်ထံ၌ ယုံကြည်စွာအပ်နှံထားစဉ် သမီး မခင်စန်းမြင့်သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအစောပိုင်းက ကျောက်တန်းကျေးရွာနေ ၎င်း၏အစ်ကိုအရင်းတော်စပ်သူ ကိုစိန်မြင့်၏နေအိမ်သို့ သွားရောက်နေထိုင်ခဲ့ကြောင်း။ ၈-၁-၂၀၁၉ ရက် နံနက် ၉ နာရီအချိန်ခန့်တွင် တရားလို ဒေါ်ကြီးခင်နှင့် သမီး(၃)ယောက်တို့မှ ရွှေထည်ပစ္စည်းများ ထည့်ထားသော သံသေတ္တာအား ဖွင့်ကြည့်ရာ ရွှေထည်ပစ္စည်းများမှာမရှိတော့ဘဲ ပျောက်ဆုံးနေသဖြင့် သမီးဖြစ်သူ မခင်စန်းမြင့်၏ သေတ္တာအား စစ်ဆေးခဲ့ရာ ၎င်း၏ သံသေတ္တာအတွင်းတွင် ယခင်ကမရှိခဲ့သော ရွှေ(၃)ကျပ်သား ရွှေလက်ကောက်လုပ်ထားသောဘောင်ချာအား ၎င်း၏ နာမည်ဖြင့် ပြုလုပ်ထားသည်ကို တွေ့ရှိရကြောင်း၊ သမီးဖြစ်သူ မခင်စန်းမြင့်(၄၄)နှစ်၊ ရောင်း/ဝယ်လုပ်၊ ကိုင်းကြီးကုန်းကျေးရွာ၊ ကောလင်းမြို့နယ်နေသူမှာလည်း နေအိမ်သို့ ပြန်လာခြင်းမရှိတော့သဖြင့် ရဲစခန်းတွင် တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိခင်ဖြစ်သူ ဒေါ်ကြီးခင်မှ တရားလို ပြုလုပ်တိုင်တန်းသဖြင့် ကောလင်းမြို့မရဲစခန်းမှ (ပ)၅၁/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၃၈၁/၄၀၆ ဖြင့် ရွှေထည်ပစ္စည်းများနှင့် ငွေများယူဆောင်သွားသည့် သမီး မခင်စန်းမြင့်အား အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးနှင့် သက်သေခံပစ္စည်းများ ပြန်လည် သိမ်းဆည်းရမိရေးတို့အတွက် အမှုစစ် ရဲအုပ် ဇော်ထက်အောင်မှ ဆောင်ရွက်နေကြောင်း သိရသည်။

ဦးရဲ(ကသာ)

❖ ❖ ❖

## ကားသမားတွေ ဒါဖတ်ပြီး သတိရှိကြပါ . . .

### အငှားယာဉ်မောင်းကို ဘီယာတိုက်ပြီး ကားလုပြေးတဲ့ အယောင်ဆောင်ခရီးသည်ကို ရဲက ကားနဲ့အတူဖမ်းဆီးနိုင်ခဲ့

ယခုလိုဖြစ်စဉ်မျိုးတွေ မကြာခဏ ဖြစ်ပွားလေ့ရှိပါတယ်။ ခရီးသည်က ဘီယာ တိုက်ပြီး ကားလုသွားတာတို့ ယာဉ်မောင်းက အရက်တိုက်၊ ဘီယာတိုက်ပြီး ငွေလု သွားတာတို့တွေ မှုခင်းသတင်းဂျာနယ်တွေ၊ နေ့စဉ်သတင်းစာတွေမှာ မကြာခဏ ဖော်ပြလေ့ရှိတာကို ဖတ်ရ၊ ကြားနေရပါတယ်။

လူတော်တော်များများလည်း ခံကြရပြီးပါပြီ။ ဒါပေမဲ့ တချို့လူတွေက ယမကာဆိုတဲ့ အရက်တို့ မူးယစ်ဆေးဝါးတို့နဲ့ ဆွဲဆောင်လာလျှင် နှံ့နစ်သလို မရုန်းနိုင်၊ မထွက်နိုင်ဖြစ်ပြီး ကိုယ့်ရဲ့အားနည်းချက်ကြောင့် ဒုစရိုက်သမားရဲ့ အလွယ်တကူ အသုံးချမှုကို ခံကြရပါတယ်။ ဒါကြောင့် အသိ၊ သတိရှိကြစေရန် သာဓကတစ်ခု အနေနဲ့ ဖော်ပြလိုက်ရတယ်။

ဖြစ်စဉ်မှာ ၃-၂-၂၀၁၉ ရက် ည ၇ နာရီ ၄၇ မိနစ်အချိန်ခန့်တွင် ကို×××(၂၅) နှစ်၊ ယာဉ်မောင်း၊ လှိုင်သာယာမြို့နယ် နေသူသည် ၎င်းပိုင် CC/××××ပရိုဘောက်ခဲရောင်(ငှား) ယာဉ်အား သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းအတိုင်း မောင်းနှင်လာစဉ် ဇဝနလမ်းဆုံအကျော် သုမင်္ဂလာလမ်းပေါ်တွင် အမည်မသိအမျိုးသား တစ်ဦးမှ ဥက္ကလာပဘုရားသို့ ငွေကျပ် (၁၅၀၀)ဖြင့် ငှားရမ်း၍ ပို့ဆောင်ခဲ့သည်။

ထိုသို့လိုက်ပါပို့ဆောင်စဉ် တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မေတ္တာလမ်းပေါ်ရှိ ဘီယာဆိုင်တစ်ဆိုင်ရှေ့အရောက်တွင် ခရီးသည်မှ ဘီယာသောက်ချင်သည် ဟုပြော၍ ကားအားရပ်ပေးခဲ့ပြီး ခရီးသည် နှင့်အတူ ဘီယာသောက်နေခဲ့သည်။

၎င်းတို့ ဘီယာအတူသောက်နေရင်း အဆိုပါခရီးသည်မှ စားပွဲပေါ်တွင် တင်ထားသော ကားသော့အား ကောက်ယူ၍ ဆိုင်ရှေ့လမ်းပေါ်တွင် ရပ်ထားသော ကားအား ခိုးယူမောင်းနှင်သွားသဖြင့် ကားအားခိုးယူမောင်းနှင်သွားသူ အမည်မသိ အမျိုးသား တစ်ဦးအား အရေးယူပေးပါရန် ကို×××မှ တရားလိုပြုလုပ်တိုင်တန်း၍ တောင်ဥက္ကလာပမြို့မရဲစခန်းမှ (ပ)၁၃၂/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉(ကား)ဖြင့် အမှုဖွင့်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ဒုရဲမှူး ရွှေငွေးမှ အခင်းဖြစ်နေရာအား သွားရောက်ကြည့်ရှုပြီး သတင်းချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ၄-၂-၂၀၁၉ ရက်၊ ညဉ့်သန်းခေါင်အချိန်တွင် မြို့နယ်မှူး ရဲမှူးသိန်းဝင်း(ဦးစီး)သော လုည့်ကင်းတပ်ဖွဲ့ဝင်များမှ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်းမပေါ်တွင် CC/××××ကားနှင့် ခိုးယူသွားသူ ဇော်မျိုးထွန်း(၂၈)နှစ်၊ ယာဉ်မောင်း၊ ချယ်ရီလမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူအား မြို့နယ်မှူး ရဲမှူး သိန်းဝင်း ဦးစီးသောလုည့်ကင်း တပ်ဖွဲ့ဝင်များမှ ဖမ်းဆီးထိန်းသိမ်းထားကြောင်း အကြောင်းကြားချက်အရ ဗဟန်း ရဲစခန်းသို့ သွားရောက်လွှဲပြောင်းရယူခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးလျက် ရှိကြောင်း သတင်းရရှိသည်။

တာနွယ်

## (၁၆)မိုင် စစ်ဆေးရေးစခန်းက မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ်(၂၃၁)သိန်းဖိုး ဖမ်းမိပြန်ပြီ

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောနယ်မြေ ရဲစခန်းအပိုင်အတွင်း (၁၆)မိုင်စစ်ဆေးရေးစခန်းတွင် မူးယစ်ဆေးဝါးသယ်ဆောင်လာသူ ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။



ဖြစ်စဉ်မှာ ၂၆-၁-၂၀၁၉ ရက် နံနက် ၅ နာရီ ၅၀ မိနစ်အချိန်ခန့်တွင် ရဲအုပ် ထွန်းလင်း၊ မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်)ဦးစီးသော တပ်ဖွဲ့ဝင်များ၊ သက်သေများဖြစ်သော ဦးခင်မောင်မြင့်၊ ရပ်ကွက်မှူး ဦးစန်းနိုင်ဦး၊ ကျောက်ချောကျေးရွာတို့နှင့်အတူ ပုသိမ်ကြီးမြို့နယ်တို့နှင့်အတူ (၁၆)မိုင်စစ်ဆေးရေးစခန်းတွင် ယာဉ်များအား ရှာဖွေစစ်ဆေးနေစဉ် လားရှိုး-မန္တလေးသို့ ယာဉ်မောင်း ဦးမျိုးသီဟမောင်းနှင်လာသည့် Winner ယာဉ်လိုင်းအသင်းအမှတ် MDY 6G/××××ခရီးသည်တင်မှန်လုံယာဉ်အား ရပ်တန့်ရာ ထိုင်ခုံအမှတ် (၃၁)တွင် စီးနင်းလိုက်လာသော ခရီးသည် မလထော်နန့်လွန်အား သက်သေများနှင့်အတူ ရှာဖွေရာ ၎င်း၏ ခြေထောက်အနီး ကြမ်းပေါ်မှခုံအမှတ်(၃၁)လေဘယ်တပ်ဆင်ထားသော MENGTING တံဆိပ်ပါ နက်ပြာရောင် ကျောပိုးအိတ်အတွင်းမှ တိပ်အကြည်ဖြင့်တစ်ထပ် အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် တစ်ထပ်ပတ်ထုပ်ထားသည့် Love is Flower စာတန်းပါ ရောင်စုံပလတ်စတစ်အကြည်ဖြင့် ထုပ်ထားသည့် ဖြူ/ဝါရောင် ဘိန်းဖြူမှုန့် အလေးချိန်(၁၀) ဂရမ်ခန့်စီပါ ဘိန်းဖြူ ဆပ်ပြာခွက် (၃၃) ခွက် အလေးချိန်(၃၃၀) ဂရမ်ခန့် တန်ဖိုး ငွေကျပ်(၂၃၁)သိန်းခန့် မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြု သည့်ငွေဟုယူဆရသော ငွေကျပ်(၂၆၀၀၀၀)ခန့်တိတိအား လည်းကောင်း၊ ခန္ဓာကိုယ်အား ရဲမေရဲတပ်သား သွယ်သွယ်အောင်မှ သက်သေများရှေ့ရှာဖွေရာ ၎င်း၏အတွင်း ခံအနက်ရောင်ဘော်လီအိတ်အတွင်းမှ ပလတ်စတစ်အကြည် အပိုင်းအစဖြင့် ထုပ်ထားသည့် တံဆိပ်မပါ ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား(၁၀)ပြား အလေးချိန် (၁)ဂရမ်ခန့် တန်ဖိုးငွေကျပ်(၃၀၀၀၀)ခန့်အား တွေ့ရှိသဖြင့် မလထော်နန့်လွန်မှ ၎င်းပိုင်ပစ္စည်းများဖြစ်ကြောင်း သက်သေများရှေ့ အပ်ပေးသဖြင့် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့သည်။

သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးများအား လက်ဝယ်တွေ့ရှိသူ မလထော်နန့်လွန်(၄၅) နှစ်၊ ဂျာကျိုင်းကျေးရွာ (၁၁)ရပ်ကွက်၊ နမ္မတီးမြို့နယ်၊ ကချင်ပြည်နယ်နေသူအား ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်းမှ မယ(ပ)၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)အရ အမှုဖွင့်ပြီး ဒုရဲအုပ် အောင်မိုးမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ချစ်ကေ(ပြင်ဦးလွင်)

**သင့်ပတ်ဝန်းကျင် ထူးခြားမှုရှိလျှင် ၁၉၉ ကို သတိရပါ။**

## ပုသိမ်မြို့၌ လူသတ်မှုကျူးလွန်သူအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

ပုသိမ်မြို့ အမှတ်(၅)နယ်မြေမဟာစေတီလမ်းနှင့် ရထားသံလမ်းဆုံအနီး၌ ဇန်နဝါရီ ၃၀ ရက် ည ၉ နာရီခွဲအချိန်တွင် လူတစ်ဦး ဓားဒဏ်ရာဖြင့် လဲကျနေကြောင်း နယ်မြေသတင်းအရ တာဝန်မှူး ဒုရဲအုပ် ဆန်းမင်းထွန်းနှင့် အမှတ်(၅)နယ်မြေ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ သွားရောက်စစ်ဆေးကြည့်ရှုရာ လက်ယာဝမ်းဗိုက်ခြမ်း ဓားဒဏ်ရာ (၁)ချက်ရှိပြီး စစ်ဆေးမေးမြန်း မရသဖြင့် နယ်မြေအတွင်း စုံစမ်းရာ ပုသိမ်မြို့ အမှတ်(၅)နယ်မြေ၊ မရမ်းချိုကျောင်းကြီးလမ်းနေသူ ဆိုက်ကားယာဉ်လုပ်သား ဘိုဘိုဟန်(၅၀)နှစ်ဖြစ်ကြောင်း သိရသည်။ ၎င်း၏ဇနီးဖြစ်သူ မစန်းစန်းကြည်၏ တိုင်တန်းချက်အရ (ပ)၅၆/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်ခဲ့သည်။

အမှုအား ဒုရဲအုပ် ဆန်းမင်းထွန်းက စစ်ဆေးပြီး ပုသိမ်ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ဘိုဘိုဟန်မှာ ရရှိသောဒဏ်ရာဖြင့် ၃၁ ရက် ၁ နာရီအချိန်တွင် သေဆုံးသွားသည်။

ထို့ကြောင့် ပုဒ်မ ၃၀၂ ပြောင်းလဲ၍ စခန်းမှူး ရဲအုပ် ပြည့်ဖြိုးမြင့်က ပြစ်မှုကျူးလွန်သူအား စုံစမ်းရှာဖွေရာ မဟာစေတီလမ်းနေသူ မိုးကြီး(ခ)မိုးကျော်ခိုင်(၅၀)နှစ်အား သက်သေခံ သစ်သားရိုးတပ် ၄ လက်မ၊ အသွား ၃ လက်မရှိ စတီးဓားနှင့်အတူ ပြစ်မှုကျူးလွန်ပြီး ၃ နာရီအတွင်း ဖမ်းဆီးရမိခဲ့သည်။

၎င်းအား စစ်ဆေးရာ ဆိုက်ကားနင်းသူချင်း ညဘက်ဆိုက်ကားသိမ်းအပြန် အရက်အတူသောက်စားပြီး စကားများရာက သေဆုံးသူ ဘိုဘိုဟန်က လက်သီးနဲ့ထိုးသဖြင့် စိတ်ဆိုးပြီး အသင့်ပါလာသော သက်သေခံစတီးဓားဖြင့် တစ်ချက်တည်းထိုးသတ်မိကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ပုသိမ်လုကြည်

# မယုံလည်း ပုံပြင်မဟုတ်တဲ့ တကယ့်ဖြစ်ရပ်များ

**ဤစာမျက်နှာပါ သတင်းဖြစ်ရပ်များသည် ယုံချင်စရာမဟုတ်သော်လည်း ပုံပြင်မဟုတ်တဲ့ တကယ့်ဖြစ်ရပ်များကို သက်သေခံပုံများနှင့် ဗဟုသုတအဖြစ် ဖော်ပြထားပေးခြင်း ဖြစ်ပါသည်။**

အံ့ဖွယ်သတင်း
စုစည်းမှုအယ်ဒီတာ

(၁)

**အကယ်ဒမီ မင်းသားဝင်းဦး အသားတွေဝါပြီး လှနေတာ ရွှေစားလို့ဆိုလို့ ခုလည်း စား၍ရသည့် ရွှေပြားပါးပါးအုပ်ထားသည့် ရေခဲမုန့်ပေါ်နေပြီတဲ့**

ရွှေထည့်ထားသည့် အစားအစာများ အလွန်နာမည်ကြီးနေသည်။ ရွှေပြားပါးပါး အုပ်ထားသည့် ဒိုးနတ်၊ ပီဇာတို့ အလွန်လူကြိုက်များနေခြင်းဖြစ်သည်။ အိန္ဒိယကလည်း ရွှေပြားပါးပါးအုပ်ထားည့် ရေခဲမုန့်ကို အားကျမခံထွင်လိုက်သည်။ ဟူဘာနှင့် ဟိုလီ ဆိုသည့် ရေခဲမုန့်လုပ်ငန်းသည် အိန္ဒိယမြို့ကြီးသုံးမြို့တွင် ရေခဲမုန့်ဆိုင်ကြီး



များ ဖွင့်လှစ်ထားသည်။ ၎င်းတို့ဆိုင်က ဆန်းသစ်တီထွင်ထုတ်လုပ်လိုက်သည့် ရွှေရေခဲမုန့်သည် ဝက်ဝက်ကွဲနာမည်ကြီးသွားတော့သည်။ ထိုရေခဲမုန့်တွင် ၂၄ ကာရက်ရှိ ရွှေပြားပါးပါး ပါဝင်ပစ္စည်း ပေါင်း ၁၇ မျိုး ရှိသည်။ ရေခဲမုန့်ကို လုံးချွန်ကတော့ထဲ ထည့်ထားပြီး အယ်မွန်စေ့၊ ချောကလက်များများ၊ ဘော်ဖီအပျော့စား စသည့်တို့ဖြင့် စားချင်စဖွယ်လုပ်ထားသည်။

ရေခဲမုန့်ကို အပေါ်တွင် ရွှေပြားပါးပါး အုပ်လိုက်သည်။ ရေခဲမုန့်တစ်ခုလျှင် ဒေါ်လာ ၁၄ ဒသမ ၀၉ ဒေါ်လာကျသည်။ ထိုဆိုင်တွင် ရေခဲမုန့်အမျိုးအစား အစုံအလင်ရှိသော်လည်း ရွှေရေခဲမုန့်က အထင်ပေါ်ဆုံးဖြစ် နေသည်။

(၂)

**ရောင်စုံဝတ်စုံဆန်းတွေနဲ့ သရဲတွေကြောက်အောင် ဝတ်ဆင်ပြီး မကောင်းဆိုးရွားနှင်တဲ့ ဘူဂေးရီးယားမြို့လေးက ပွဲတော်လုပ်သတဲ့**

ဘူဂေးရီးယားနိုင်ငံ ပါနစ်ခ်မြို့က လမ်းမတွေပေါ်မှာ ရောင်စုံတွေ ဆင်မြန်းပြီးတော့ မျက်နှာဖုံးတပ်ပွဲတော် ဆင်နွှဲသူတွေ ပြီးခဲ့တဲ့တနင်္ဂနွေက ပြည့်လို့နေခဲ့ပါတယ်။ မကောင်းဆိုးရွားကို နှင်ပြီး နွေဦးရာသီမှာ ကျန်းမာခြင်းတွေ သယ်ဆောင်လာဖို့၊ ကောင်းမွန်တဲ့ ကောက်ရိတ်သိမ်းရာသီကို ရရှိဖို့ ပွဲလမ်းသဘင်ဆင်နွှဲကြတာဖြစ်ပါတယ်။ Surva ပွဲတော်လို့ အမည်ရတဲ့ ဒီပွဲဟာ ဘော်လကန်နိုင်ငံ ဘူဂေးရီးယားမှာ သက်တမ်းအရင့်ဆုံးပွဲတော်တစ်ခုဖြစ်ပါတယ်။ အေးမြလှတဲ့ ဇန်နဝါရီ ရာသီဥတုအောက်မှာ တရုတ်နဲ့ အမေရိကန်ပြည်ထောင်စုက ညှိသည်တွေဟာ ဘူဂေးရီးယားမြို့တော် ဆိုဖီယာကနေ ၁၅ မိုင်ဝေး



တဲ့ အဆိုပါသတ္တုတွင်း မြို့လေးကပွဲကို လာလည်နေကြပါတယ်။

"ပတ်ဝန်းကျင်ဟာ တကယ့်ကိုလှပပါတယ်။ ဝတ်စုံတွေက သိပ်လှပါတယ်။ မျက်နှာဖုံးတွေက တကယ်အံ့ဩ စရာပါပဲ။ ဒီပွဲတော်က ပဥ္စလက်ဆန်တယ်။ နောင်နှစ်လာဦးမှာ"လို့ ညှိသည်ဖြစ်တဲ့ တရုတ်ကျောင်းသား ဝမ်ရှောင်က ပြောပါတယ်။

(၃)

**ခွေးတွေက လေဆိပ်မှာ သွေးစုတ်တဲ့ မျှော့ကောင်ရေ ငါးထောင်ကျော်ကို ဖော်ထုတ်ပေး**

ကနေဒါနိုင်ငံ တိုရွန်တို အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ ခရီးဆောင်သေတ္တာထဲကနေ မျှော့အကောင်ရေ ငါးထောင်သယ်လာသူကို မိသွားခဲ့ပါတယ်။ အဆိုပါခရီးသည်ဟာ ရုရှားကနေ ပြန်လာတာဖြစ်ပြီး ခရီးဆောင်အိတ်ကြီးထဲမှာ မျှော့တွေထည့်လာတာပါ။ လေဆိပ်လုံခြုံရေးရဲ့ ခွေးက အနံ့ရသွားခဲ့ပြီး ကနေဒါနယ်စပ်လုံခြုံရေး အေဂျင်စီ တပ်ဖွဲ့ဝင်တွေက ရှာဖွေရာမှာ အဆိုပါသွေးစုပ်သတ္တဝါတွေကို တွေ့ရတာ ဖြစ်ပါတယ်။ စုစုပေါင်း ကောင်ရေငါးထောင်လောက်ရှိတဲ့ မျှော့တွေကို ဘူးတွေနဲ့ထည့်



ထားတာဖြစ်ပါတယ်။ တရားမဝင်မျှော့များကို ခွင့်ပြုချက်မရဘဲ သွင်းလာတဲ့အမှုနဲ့ အဆိုပါအမျိုးသားကို အရေးယူဖို့ လုပ်ဆောင်နေပါတယ်။ စုံစမ်းစစ်ဆေးနေဆဲမို့ တင်သွင်းလာသူရဲ့ အမည်နဲ့ ဖမ်းဆီးပေးခဲ့တဲ့ ခွေးရဲ့ အမည်ကို ကနေဒါလုံခြုံရေးတွေက မထုတ်ပြန်ပါဘူး။

(၄)

**မယုံမရှိနဲ့ ဒီလိုဟိုတယ်မျိုးလည်း ရှိသတဲ့၊ ကမ္ဘာ့ပထမဆုံးစက်ရုပ်ဟိုတယ်တွင် ဧည့်သည်များကို အနှောင့်အယှက်ပေးသည့် စက်ရုပ်ဝန်ထမ်းထက်ဝက်ခန့်ကို အလုပ်ဖြုတ်**

ဂျပန်နိုင်ငံမှ ကမ္ဘာ့ပထမဆုံးစက်ရုပ်ဟိုတယ်တွင် ဧည့်သည်များကို အနှောင့်အယှက်ပေးသည့် စက်ရုပ်ဝန်ထမ်းထက်ဝက်ခန့်ကို အလုပ်ဖြုတ်ပစ်ခဲ့သည်ဟု သိရသည်။

Strange Hotel ဟု အမည်ပွာယ်ရသော Henn-na ဟိုတယ်တွင် စက်ရုပ်များက ဧည့်သည်များကို အနှောင့်အယှက်ဖြစ်စေသည့်အပြင် မကြာခဏလည်း စက်ပျက်သွားတတ်သည်။ ညအချိန်တွင် အိပ်ပျော်နေသည့် ဧည့်သည်များ၏ ဟောက်သံကို အမိန့်ပေးစေခိုင်းသည်ဟု ထင်မှတ်ကာ အိပ်ရာလာနှိုးတတ်ခြင်း၊ ဧည့်ကောင်တာမှ စက်ရုပ်က အခြေခံကျသည့်မေးခွန်းများကိုပင် မဖြေနိုင်ခြင်းစက်ပျက်သွားသည့် စက်ရုပ်များကို ပြင်ရန် လူသားဝန်ထမ်းများက မကြာခဏ အချိန်ပိုဆင်းရခြင်းစသည့် ပြဿနာများကို ကြုံတွေ့ခဲ့ရသည်။ ၂၀၁၅ ခုနှစ်တွင် ဆာဆီဘိုဒေသအတွင်း ဖွင့်လှစ်ခဲ့သည့်ဟိုတယ်ကို ကမ္ဘာ့ပထမဆုံးစက်ရုပ်ဟိုတယ်အဖြစ် ဂင်းနက်စ် ကမ္ဘာ့စံချိန်အဖွဲ့က အသိအမှတ်ပြုထားခဲ့သည်။

မူလက စက်ရုပ်ဝန်ထမ်း ၈၀ ထားရှိခဲ့ပြီး နောက်ပိုင်းတွင် အရေအတွက်ကို သုံးဆတိုးခဲ့သည်။ သို့သော် ပြဿနာများနှင့် ကြုံတွေ့ခဲ့ရပြီး အများဆုံးလေးနှစ်ခန့်သာ သက်တမ်းရှိသည့် စက်ရုပ်များကို ပြန်လည်အစားထိုးလဲလှယ်ရသည့် ကုန်ကျစရိတ်ကလည်း ပိုမိုကြီးမားလာသည်။ ဟိုတယ်ပိုင်ရှင်က ဟိုတယ်တွင် လိုအပ်ချက်များရှိနေသေးသော်လည်း အောင်မြင်သည့် စက်ရုပ်ဟိုတယ်ဖြစ်ရန်ဆက်လက်ကြိုးစားသွားမည်ဟု ဆိုခဲ့ကြောင်း သိရသည်။

(၅)

**ခုနစ်လွှာပေါက်စီပြီးတော့ ခုနစ်လွှာလက်ဖက်ရည်ပေါ်လာပြန်ပြီတဲ့**

အစားအသောက်ကို အမျိုးမျိုးဈေးကွက်ဖန်တီးလာကြရာ ယခုလည်း တစ်မျိုးကြားရဖတ်ရပြန်ပြီ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ပိုင်း Srimongol ဒေသမှ Romesh Ram Gour လက်ဖက်ရည်ဆိုင်လေးသည် ဖန်ခွက်တစ်ခုထဲတွင် အရောင်ခုနစ်ခုပါဝင်သောလက်ဖက်ရည်ကို ရောင်းချကာ လူသိများလာခဲ့သည်ဟု သိရသည်။

ဆိုင်ရှင် Saiful Islam ၏ Rangd honu ခုနစ်လွှာလက်ဖက်ရည်သည် သက်တံ့ဟု အမည်ပွာယ်ရသည်။ ဒါခါမြို့မှနေ၍ Romesh Ram Gour လက်ဖက်ရည်ဆိုင်လေးအထိ လက်ဖက်ရည်လာသောက်သူများပင်ရှိသည်။ ခုနစ်လွှာ လက်ဖက်ရည်တစ်ခွက်လျှင် အိန္ဒိယငွေ ရူပီး ၇၀ ကျသင့်မည်ဖြစ်ပြီး သာမန်လက်ဖက်ရည်ဆစ်ခွက်မှာ ၈ ရူပီးသာကျသင့်သည်။ Islam က ခုနစ်လွှာလက်ဖက်ရည်ဖျော်နည်းကို လျှို့ဝှက်ထားပြီး ကိုယ်ပိုင်လက်ဖက်ရည်ဖျော်ခန်းထဲသို့လည်း မည်သူ့ကိုမှ ဝင်ခွင့်မပေးဘဲ ထားရှိသည်။ Islam က "ဒေသတွင်းကရော တရုတ်ပြည်ကပါ ထွက်ရှိတဲ့ လက်ဖက်ခြောက်အမျိုးမျိုးကို အသုံးပြုထားပါတယ်။ ရောစပ်မှုတစ်ခုစီတိုင်းမှာ သီးခြားအရောင်နဲ့ အရသာရှိပါတယ်။ လိမ္မော်၊ အနက်၊ အဖြူ၊ ပန်းရောင်၊ နို့ရောင်နဲ့ အစိမ်းရောင်အပါအဝင် သီးခြား (၇)ခုပါတဲ့ လက်ဖက်ရည်ကို တစ်လွှာချင်းထည့်ရပါတယ်"ဟု ဆိုခဲ့သည်။ ခုနစ်လွှာလက်ဖက်ရည်တွင် ဓာတုဗေဒပစ္စည်း ပါဝင်ခြင်းမရှိဘဲ အထူးသဖြင့် အဖြူရောင်အလွှာကို ချင်းနှင့် ရောကာ ဖန်တီးထားခြင်းကြောင့် ကျန်းမာရေးအတွက် ကောင်းမွန်သည်။ ဘောလီဝုဒ်၏ နာမည်ကျော်တစ်ဦးကပင် ငွေအပုံလိုက်ပေးကာ ၎င်း၏ မင်္ဂလာဆောင်၌ ဧည့်သည်များအတွက် လက်ဖက်ရည်လာဖျော်ပေးရန် ကမ်းလှမ်းမှုကို Islam က ငြင်းဆိုခဲ့ပြီး ဒေသတွင်း





စီးပွားရေးလုပ်ငန်းကောင်းမွန်မှုကိုသာ ထိန်းသိမ်းထားလိုသည်ဟု ဆိုခဲ့ကြောင်း သိရသည်။



အံ့ဖွယ်သတင်းစုစည်းမှု
အယ်ဒီတာ

❖ ❖ ❖

www.free4readers.com



# သတင်းဒိုင်ယာရီ



■ ရုပ်ရှင်ပိုး ■



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တောင်ကြီးမြို့ ခရီးစဉ်အတွင်း တိုင်ကြားစာများ တင်ပြနိုင်ရေးကြိုးပမ်း

ဖေဖော်ဝါရီ ၅ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်ကြီးမြို့သို့ လာရောက်စဉ်အတွင်း တိုင်ကြားစာများ လက်ခံပေးနိုင်ရန် အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နေကြောင်း တောင်ကြီးအခြေစိုက် အရပ်ဘက်အဖွဲ့ အစည်းအချို့က ပြောကြားကြ၏။

ဒေါ်အောင်ဆန်းစုကြည်သည် ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်အထိ ရှမ်းပြည်နယ်သို့ ရောက်ရှိနေပြီး ဖေဖော်ဝါရီ ၇ ရက်တွင် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပမည့် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

သို့ဖြစ်ရာ ယင်းအခမ်းအနားသို့ ပြည်သူများ တက်ရောက်နိုင်ကြောင်း တောင်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူလူထုသို့ နှိုးဆော်စာများ ဖြန့်ဝေထားသည်။

တိုင်ကြားစာများ လက်ခံနိုင်ရန် အစိုးရဌာနဆိုင်ရာနှင့် အရပ်ဘက်အဖွဲ့အစည်းတို့ ပူးပေါင်းတာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း။ တိုင်စာများကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ လက်ခံမည်ဖြစ်ကြောင်း တောင်ကြီးအခြေစိုက်တရားဥပဒေစိုးမိုးရေး ကွန်ရက်အဖွဲ့မှ ဦးဝင်းနိုင်စိုးက ပြောသည်။

"လောလောဆယ်ကို အမှုပေါင်း ၃၀ ကျော်ရှိနေပြီ"ဟု ဦးဝင်းနိုင်စိုးက ပြောသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများသို့ သွားရောက်ပြီး လူထုတွေ့ဆုံပွဲများ၊ ဖွင့်ပွဲအခမ်းအနားများ တက်ရောက်မည်ဖြစ်ရာ ဒေသခံများက ဒေသတွင်းရှိ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အခြေအနေများ၊ မြေယာပြဿနာများ တင်ပြနိုင်ရေး စီစဉ်နေကြောင်း တောင်ကြီးအခြေစိုက်တရားဥပဒေစိုးမိုးရေး ကွန်ရက်အဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း Daily Eleven သတင်းအရ သိရသည်။

## သန်လျင်သမိုင်းဝင် ကျိုက်ခေါက်စေတီတော်ကြီးကို စက်လှေကား ဓာတ်လှေကားနှင့် တက်ရောက်ဖူးမျှော်နိုင်ကြပါပြီ

ဖေဖော်ဝါရီ ၇ ရက်က ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် အသစ်တည်ဆောက်ပြီးသွားသော စက်လှေကားနှင့် ဓာတ်လှေကားသစ်ဖွင့်ပွဲကို ထိုနေ့မွန်းလွဲ ၂ နာရီတွင် စေတီတော်အရှေ့ဘက်မုခ်၌ ကျင်းပလိုက်၏။



ထိုပွဲတွင် ရှေးဦးစွာ စေတီတော်ဩဝါဒါစရိယ နိုင်ငံတော်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တစန္ဒိမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)နှင့် ဆရာတော်ကြီးများက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြပြီး ဓာတ်လှေကားသစ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုရဲမှူးကြီး ကျော်မိုးကြည်(ငြိမ်း)၊ မြို့မိ/မြို့ဖ ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ၏။

သမိုင်းဝင် သန်လျင်မြို့ ရှေးဟောင်းဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသက်သာစွာ တက်ရောက်ကြည်ညို ဖူးမြော်နိုင်ရေးအတွက် အဆင့်မြင့်စက်လှေကားနှင့် ဓာတ်လှေကားကို ကျပ်သိန်း ၄၈၀၀ ကျော် အကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## တီရှာ့နချစ်သူအဖွဲ့က လမ်းဘေးခွေးနှင့် အိမ်ခွေးများကို အဆိပ်ကျွေးသတ်ဖြတ်မှုနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးမည်

လမ်းဘေးခွေး၊ အိမ်မွေးခွေးများကို အဆိပ်ချသတ်ဖြတ်မှုအပေါ် ရှုတ်ချပြီး အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တီရှာ့နည့်ဦးပန်းနိုပ်စက်မှု ကာကွယ်ရေးကွန်ရက် ဥက္ကဋ္ဌ ဦးသန့်ဇင်က ပြောကြားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၅ ရက်က ကန်တော်ကြီး ကရဝိက်ရှေ့တွင် တီရှာ့နချစ်သူများအဖွဲ့က ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

"အခု လက်ရှိအဆိပ်ချနေတဲ့ စီမံကိန်းက ဘာစီမံကိန်းမှလဲ မဟုတ်ဘူး၊ ဘာစီမံချက်မှလဲ မဟုတ်ဘူး၊ စည်ပင်စီမံချက်လည်း မပါဘူး၊ တိုင်လို့ချတယ်လို့ အမြဲတမ်းပြောနေကြတယ်။ ကိုက်မှုချကြ၊ အခုဟာက မကိုက်ဘဲနဲ့လည်း အိမ်မွေးခွေးတွေကအစ အကုန်လုံးအဆိပ်ချသတ်နေ ကြတယ်။ အခုလက်ရှိ ရန်ကုန်မြို့ပေါ်မှာရှိနေတဲ့ ခွေးတွေကို အဆိပ်ချလုပ်ဆောင်တဲ့ စည်ပင်ကော်မီ သားသတ်ဌာနကို ကျွန်တော်တို့က ရှုတ်ချပါတယ်"ဟု ဦးသန့်ဇင်က ပြောသည်။

ဝန်ကြီးချုပ်နှင့် သွားရောက်တွေ့ဆုံရာတွင် တီရှာ့နည့်ဦးပန်းနှိပ်စက်မှု ကာကွယ်ရေးကွန်ရက်အဖွဲ့အစည်းအနေဖြင့် တွေ့ဆုံမည်မဟုတ်ဘဲ တီရှာ့နချစ်သူအဖွဲ့ဝင် အနေဖြင့်သာ တွေ့ဆုံမည်ဖြစ်ပြီး တွေ့ဆုံဆွေးနွေးပွဲတွင် တင်ပြချက်များကို လုပ်ဆောင်ပေးချင်းမရှိပါက ဆန္ဒထုတ်ဖော်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တီရှာ့နည့်ဦးပန်းနှိပ်စက်မှုကာကွယ်ရေးအဖွဲ့အစည်းကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီက နာယကအဖြစ် တာဝန်ယူ၍ ဥက္ကဋ္ဌအဖြစ် ဦးသန့်ဇင်က တာဝန်ယူထားပြီး တီရှာ့နများ ညှဉ်းပန်းနှိပ်စက်မှုများကို ဖြေရှင်းပေးနေသော အဖွဲ့ဖြစ်ကာ တရားဝင်အဖွဲ့အစည်းဖြစ်ရန် မှတ်ပုံတင်ထားကြောင်း သိရသည်။





ဓာတ်ပုံ-ညွှန့်သူပန်းမိုး

## သင်ဇာဝင့်ကျော်ကို ဗဟိုပြု၍ နဂိုက ငြိမ်နေတဲ့ မော်ဒယ်ဈေးကွက် ဈေးတက်သွားပြီး အနည်းဆုံး(၁၀)သိန်းကနေ အများဆုံး သိန်း(၅၀)တဲ့ . . .

သည်နောက်ပိုင်း စီးပွားရေးလုပ်ငန်းရှင်အချို့ဟာ သူတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေနဲ့ သူတို့ရဲ့ဆိုင်တွေကို လူသိဖို့ အမိုက်စား Sexy ဝတ်စုံနဲ့ ပွဲတက်ပေးဖို့ မော်ဒယ်လ်တွေကို တောင်းသလောက်ဈေးနဲ့ ငှားရမ်းအသုံးပြုလာနေကြပါပြီ။ ၂၀၁၈ ခုနှစ်အတွင်း အလန်းဆုံး Sexy ဝတ်စုံတွေကြောင့် နာမည်ပိုတက်ခဲ့ရတာက မင်းသမီး သင်ဇာဝင့်ကျော်ပါ။ တက်ခဲ့တဲ့ပွဲတိုင်းဝတ်တဲ့ Sexy ဝတ်စုံတွေဟာ လူမှုကွန်ရက်ပေါ်မှာ လူအများစုရဲ့ စိတ်ဝင်စားမှုခံနေရသလို၊ ယဉ်ကျေးမှုသွေဖည်နေတဲ့ ဝတ်စုံဆိုပြီး ဝေဖန်မှုတွေ ရှိခဲ့ပါတယ်။

မင်းသမီး သင်ဇာဝင့်ကျော်ဟာ သူ့ကိုယ်သူ Sexy မော်ဒယ်လို့ခံယူထားပြီး ဝတ်စုံတွေဝတ်တာဟာ လာငှားတဲ့စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ တောင်းဆိုမှုကြောင့် သေချာဂရုစိုက်ပြီး ဝတ်ဖြစ်တယ်လို့ ပြောပါတယ်။

►►► စာမျက်နှာ(၁၈)သို့

www.free4readers.com





# လိမ်လည်မှုဖြင့် တရားစွဲဆိုခံရသည့် ဒေါ်နန္ဒမာလာအား ရုံးထုတ်ပြီး စတင်စစ်ဆေး

**ဖေဖော်ဝါရီ ၅ ရက်က ကျပ်သိန်း ထောင်ချီလိမ်လည်မှုဖြင့် တရားစွဲခံထားရသည့် ဒေါ်နန္ဒမာလာကို ထိုနေ့က လှိုင်မြို့နယ်တရားရုံး၌ ရုံးထုတ်ခဲ့ပြီး ရုံးချိန်းတွင် တရားလို ဦးနေမျိုးနိုင်အား စတင်စစ်ဆေးခဲ့ကြောင်း သိရသည်။**

တရားလို ဦးနေမျိုးနိုင်က ၂၀၁၇ ခုနှစ်တွင် ဇနီး၏ ကျန်းမာရေးအခြေအနေကို ဗေဒင်မေးရန် မင်္ဂလာဒုံမြို့နယ်ရှိ ဒေါ်နန္ဒမာလာ၏ နေအိမ်သို့ ရောက်ရှိခဲ့ရာမှ စတင်သိကျွမ်းခဲ့သည်ဟု ရုံးတော်၌ ထွက်ဆိုခဲ့သည်။

ထို့ပြင် ဒေါ်နန္ဒမာလာ၏ နေအိမ်ဓာတ်ပုံနှစ်ပုံတရားရုံးသို့ သက်သေခံအဖြစ် တင်သွင်းခဲ့ရာ တရားရုံးက လက်ခံခဲ့သည်။

ရုံးချိန်းစစ်ဆေးနေစဉ် ဒေါ်နန္ဒမာလာ၏ ကျန်းမာရေးအခြေအနေအရ ဆက်လက်မစစ်ဆေးဖြစ်တော့ဘဲ ရုံးချိန်းကို ဖေဖော်ဝါရီ ၁၅ ရက်သို့ ပြန်လည်ချိန်းဆိုခဲ့ကြောင်း သိရပြီး တရားလို ဦးနေမျိုးနိုင်ကို ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

"အမှုကို စစ်ပါတယ်။ အဲဒီလိုစစ်တော့ သက်သေသွင်းတဲ့အဆင့်နဲ့ပဲ ဒေါ်နန္ဒမာလာက နေမကောင်းလို့ မခံနိုင်တော့လို့ နားပေးဖို့ဆိုပြီး ပြောတဲ့အတွက် ဆက်မစစ်တော့ဘဲ နားလိုက်တယ်။ အာမခံနဲ့ ပတ်သက်ပြီးတော့ ရုံးချိန်းမှာ သူတို့ဘက်က အာမခံကို တင်ပြနိုင်တာမရှိတဲ့အတွက် နောက်ရုံးချိန်းမှပဲ အာမခံပေးထားတာကိုတင်ပြခွင့်ပြုပါဆိုပြီးတော့ သူ့ရှေ့နေက ပြောသွားတာရှိပါတယ်"ဟု ဦးနေမျိုးနိုင်က ပြောကြားသည်။

ကျပ်သိန်းထောင်ချီလိမ်လည်မှုဖြင့် တရားစွဲခံရသူ ဒေါ်နန္ဒမာလာမှာ ကျပ်သိန်း တစ်သောင်းတန် ခံဝန်ကို အာမခံပေးမည့် သူနှစ်ဦးရှိပါက အာမခံပေးမည်ဟု လှိုင်မြို့နယ် တရားရုံးက အမိန့်ချမှတ်ထားသော်လည်း အာမခံပေးသူမရှိသောကြောင့် အချုပ်ဖြင့် အမှုကို ရင်ဆိုင်နေခြင်းဖြစ်သည်။

စက်သုံးဆီများ နိုင်ငံခြားမှတင်သွင်းသည့်လုပ်ငန်းအတွက် ဒေါ်နန္ဒမာလာထံတွင် ကျပ်သိန်း ၂၆၀၀ ကို ဦးနေမျိုးနိုင်က အစုရှယ်ယာထည့်သွင်းခဲ့သော်လည်း အကျိုးအမြတ်မရသည့်အတွက် ၂၀၁၈ ခုနှစ် မတ် ၁၆ ရက်တွင် ရာဇသတ်ကြီးပုဒ်မ ၄၂၀ ဖြင့် အရေးယူပေးရန် တရားရုံးသို့ တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒေါ်နန္ဒမာလာထွက်ပြေးတိမ်းရှောင်မှုကိုအားပေးကူညီသည်ဟုဆိုကာ ဒေါ်နန္ဒမာလာ၏ ရှေ့နေအပါအဝင် သုံးဦးကို ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၁၂ ဖြင့် ဦးနေမျိုးနိုင်က တရားစွဲဆိုထားကြောင်း လှိုင်မြို့နယ်တရားရုံးမှ သိရသည်။

DE

❖ ❖ ❖

# ကလေးချင်းစကားများရာမှ ဆူးစူးကာဒဏ်ရရှိပြီး

## သေဆုံးမှုနှင့်ပတ်သက်၍ အလောင်းကို တူးဖော်စစ်ဆေးမှုများပြုလုပ်

ဖေဖော်ဝါရီ ၃ ရက်က ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ရှားကျေးရွာအုပ်စုအတွင်း ကလေးချင်းစကားများရာမှ ဆူးစူးပြီး ဒဏ်ရာရရှိခဲ့ကာ အသက် ၁၁ နှစ်အရွယ်၊ ပထမတန်းကျောင်းသားကလေးငယ် သေဆုံးမှုနှင့်ပတ်သက်ပြီး ကစားဖော်ကို တရားစွဲဆိုပြီး အလောင်းကိုပြန်လည်တူးဖော်စစ်ဆေးမှုများ ပြုလုပ်ကြကြောင်း သိရ၏။

ကလေးငယ်မှာ ဆူးဒဏ်ရာရရှိခဲ့သည့်အတွက် ချက်ချင်းဆေးမကုဘဲ ထားရာမှ သေဆုံးစဉ် အလောင်းကိုမြှုပ်လိုက်ပြီးနောက်မှ အမှုဖွင့်သဖြင့် ကလေးငယ်၏ အလောင်း အား ဖေဖော်ဝါရီ ၃ ရက်က ဆရာဝန်၊ တရားသူကြီး၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကလေးငယ်၏ မိဘတို့သွားရောက် ဖော်ဆောင်ကာ ဆရာဝန်မှ စစ်ဆေးပြီး ပြန်လည်မြှုပ်နှံခဲ့ကြောင်း သိရ၏။

"သေဆုံးသွားတဲ့ ကလေးရဲ့ မိဘတွေက အမှုဖွင့်လို့ ဒဏ်ရာနဲ့ပတ်သက်ပြီး စစ်ဆေးဖို့အတွက် အလောင်းကိုပြန်ဖော်ပြီး ဆေးစစ်ရတာမျိုးဖြစ်ပြီး သေဆုံးသွားတဲ့ ကလေးငယ်ရဲ့ မိဘတွေဘက်က တရားစွဲဆိုလာတော့ ဖမ်းဆီးဖို့လုပ်ဆောင်နေရပါကြောင်း။ ၂၉ ရက်နေ့မှာ မြှုပ်ထားပြီးမှ ၃၁ ရက်နေ့လာတိုင်တာ ဖြစ်ကြောင်း"ဟုလည်း ရှားရဲကင်းစခန်းမှ တာဝန်ရှိသူတစ်ဦး ကပြောကြောင်း သိရ၏။

သေဆုံးသွားသည့် ကလေးငယ်မှာ ရှားအမကမူလွန်ကျောင်းတွင် ကျောင်းတက်နေသော မောင်လုထွန်းချေဆိုသည့် ကလေးငယ်ဖြစ်ပြီး ဇန်နဝါရီ ၂၅ ရက်တွင် ဖက်ဆူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ၂၉ ရက်တွင် သေဆုံးသွားခဲ့ကာ ၃၁ ရက်တွင် မြေချမြှုပ်နှံခဲ့ကြောင်း၊ ယင်းနောက် ဖေဖော်ဝါရီ ၃ ရက်တွင် အလောင်းအား ပြန်လည်တူးဖော်ခဲ့ရခြင်းဖြစ်ကြောင်း၊ တရားစွဲဆိုခံထားရသော ကလေးမှာ အသက် ၁၅ နှစ်ရှိပြီဖြစ်ကာ မြေပုံမြို့နယ်၊ တပ်ရာကျေးရွာတွင် နေထိုင်သူဖြစ်ကြောင်းလည်း သိရ၏။

ထိုဖြစ်စဉ်နှင့်ပတ်သက်ပြီး တရားစွဲဆိုခံထားရသည့် ကျောင်းသား မောင်သားကြီး(ခ)မောင်ထက်ဝေစိုး(၁၅)နှစ်အား တပ်တောင်နယ်မြေရဲစခန်းမှ (ပ)၁၂/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်ထားကြောင်း ဖုန်းသတင်းအရ သိရ၏။

DE

# ပွဲစားနဲ့ အဆက်အသွယ်ဖြတ်လို့ ကူဝိတ်သို့သွားမည့် နီပေါနိုင်ငံသူ ပုဇွန်တောင်တည်းခိုခန်း၌ ရှာဖွေတွေ့ရှိ

**ဖေဖော်ဝါရီ ၅ ရက်က ကူဝိတ်နိုင်ငံသို့ အိမ်ဖော်လုပ်ကိုင်ရန်သွားရောက်မည့် နီပေါနိုင်ငံသူတစ်ဦး ပွဲစားနှင့်အဆက်အသွယ်ပြတ်တောက်ပြီးနောက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ တည်းခိုခန်းတစ်ခု၌ရောက်ရှိကာ အကူအညီလိုအပ်နေသောကြောင့် ရှာဖွေကယ်တင်ပေးရန် နီပေါနိုင်ငံဆိုင်ရာမြန်မာသံရုံး၏ဆက်သွယ်အကူအညီတောင်းခံချက်အရ ထိုနိုင်ငံသူကို အချိန်တိုအတွင်း ရှာဖွေတွေ့ရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။**

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၅ ရက် ညနေ ၅ နာရီက အဆိုပါသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်မြို့ရှိ တည်းခိုခန်းတစ်ခုတွင် ရောက်ရှိတည်းခိုနေသော နီပေါနိုင်ငံသူတစ်ဦး အကူအညီလိုအပ်နေသောကြောင့် ရှာဖွေကယ်တင်ပေးရန် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သို့ ဆက်သွယ်အကူအညီတောင်းခံခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ သတင်းစုံစမ်းထောက်လှမ်းရာ ပုဇွန်တောင်မြို့နယ်အတွင်းရှိ တည်းခိုခန်းတစ်ခု၌ ည ၈ နာရီ ၄၅ မိနစ်အချိန်တွင် ရှာဖွေတွေ့ရှိခဲ့ရ၏။



၎င်းနီပေါနိုင်ငံသူကို စစ်ဆေးမေးမြန်းရာ ၎င်းသည် လွန်ခဲ့သော တစ်လခန့်က ကူဝိတ်နိုင်ငံတွင် အိမ်ဖော်အလုပ်လုပ်ကိုင်နေသည့် အမျိုးသမီးတစ်ဦးနှင့် အဆက်အသွယ်ရရှိခဲ့ပြီး အိမ်ဖော်အလုပ်လုပ်ကိုင်ရန် စည်းရုံးခေါ်ဆောင်ခဲ့သဖြင့် သွားရောက်လုပ်ကိုင်ရန် နီပေါနိုင်ငံက ပွဲစားတစ်ဦးနှင့် ဆက်သွယ်ခဲ့ကြောင်း၊ ပွဲစားက ၎င်းအား နီပေါနိုင်ငံမှ အိန္ဒိယနိုင်ငံကိုဖြတ်၍ တမူးမြို့သို့ ပို့ဆောင်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ဇန်နဝါရီ ၂၂ ရက်တွင် ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ခဲ့ရာမှ ယခုတည်းခိုနေသည့်နေရာသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ တရားဝင်နိုင်ငံကူးလက်မှတ်ဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်သော်လည်း ခေါ်ဆောင်လာသူပွဲစားနှင့် ဖေဖော်ဝါရီ ၄ ရက်မှ စတင်ကာ အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး နေရပ်သို့ ပြန်လိုသောကြောင့် နီပေါနိုင်ငံရှိ အစ်ကိုဖြစ်သူထံ အကြောင်းကြားခဲ့ရာမှ အစ်ကိုဖြစ်သူက နီပေါနိုင်ငံရှိ မြန်မာသံရုံးသို့ ဆက်သွယ်အကူအညီတောင်းခံခဲ့သည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ နီပေါနိုင်ငံသူ အမျိုးသမီးငယ်ကို မြန်မာနိုင်ငံ ဂေါရခါးအမျိုးသမီးရေးရာအဖွဲ့၏ အကူအညီဖြင့် နီပေါနိုင်ငံသံရုံးသို့ ဆက်သွယ်အပ်နှံသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ချက်အရ သိရသည်။

တော်တော်

# မင်းသား မိုးအောင်ရင်အမှု ပြင်ဆင်မှုလျှောက်ထားခြင်း ဖေဖော်ဝါရီ ၈ ရက်တွင် အပြီးသတ်လျှောက်လဲချက်ကြားနာမည်

မင်းသားမိုးအောင်ရင်အမှုကိစ္စ သိရသည်မှာ ပုဇွန်တောင်မြို့နယ် တရားရုံးမှ မူးယစ်ဆေးဝါးပုဒ်မဖြင့် ထောင်ဒဏ်ငါးနှစ် ချမှတ်ထားသည့်ကိစ္စ အမှုပြင်ဆင်မှုလျှောက်ထားခြင်းအား ဖေဖော်ဝါရီ ၈ ရက်တွင် အပြီးသတ်လျှောက်လဲချက်ကြားနာမည်ဖြစ်ကြောင်း အရှေ့ပိုင်းခရိုင်တရားရုံးမှ သိရ၏။

မင်းသား မိုးအောင်ရင်ကို ပုဇွန်တောင်မြို့နယ်တရားရုံးမှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်တွင် မယ(ပ)၆/၂၀၁၆ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ) ဖြင့် ထောင်ငါးနှစ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါအမှုအတွက် ၂၀၁၈ ဒီဇင်ဘာ ၂၇ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် အယူခံလာရောက်လျှောက်ထားခဲ့ခြင်းဖြစ်သည်။

အယူခံလျှောက်ထားခြင်းနှင့် ပတ်သက်ပြီး အပြီးသတ်လျှောက်လဲချက်ကြားနာရန် လာမည့်ဖေဖော်ဝါရီ ၈ ရက်ကို ပြန်လည်ချိန်းဆိုထားကြောင်း သိရသည်။

မင်းသား မိုးအောင်ရင်အား အရှေ့ပိုင်းခရိုင်တရားရုံးမှ မူးယစ်ဆေးဝါးပုဒ်မ (က)ဖြင့် ဒီဇင်ဘာ ၁၂ ရက်တွင် အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်ချမှတ်ခဲ့သည့်ကိစ္စဖြစ်သည်။

DE

# ကျပ်သိန်းသုံးသောင်းကျော် လားရှိုး၌ လိမ်သွားသူ ဗန်ကောက်၌ဖမ်းမိ

**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ငွေကျပ်သိန်းသုံးသောင်းကျော် လိမ်လည်ရယူကာ ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသူကို ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးရမိ၍ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးခဲ့ကြောင်း တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။**

ထိုင်းနိုင်ငံ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီတွင် ဖမ်းထားသူကို တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ လာရောက်လွှဲပြောင်းပေးအပ်ခဲ့သည်။

ထိုင်းနိုင်ငံ BCATIP အဖွဲ့ဝင် ချင်းရိုင်ခရိုင် လူဝင်မှုကြီးကြပ်ရေးဌာန ခရိုင်မှူး Pol.ColAekkorn Butsaba bodin Superinterdent က တရားခံကို လွှဲပြောင်းပေးအပ်ရာ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်း ဦးဆောင်သည့် မြန်မာ BCATIP အဖွဲ့က လက်ခံခဲ့ကြောင်း သိရသည်။



အဆိုပါ တရားခံပြေးမှာ တာချီလိတ်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့သို့ ရောက်ရှိနေသည့်အတွက် ကူညီစုံစမ်းရှာဖွေပေးရန် လားရှိုးမြို့မရဲစခန်း နယ်ထိန်းအဖွဲ့က အကူအညီ တောင်းခံချက်အရ ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် BCATIP အဖွဲ့ဝင် မယ်ဆိုင်မြို့ လူဝင်မှုကြီးကြပ်ရေးဌာန ခရိုင်မှူးနှင့် ချိတ်ဆက်စုံစမ်းခဲ့ကြောင်း၊ ဇန်နဝါရီ ၁၈ ရက်က တရားခံသည် မယ်ဆိုင်မြို့မှ ဗန်ကောက်မြို့သို့ ထွက်ခွာသွားကြောင်း သတင်းအရ ဗန်ကောက်ရဲတပ်ဖွဲ့ဝင်များနှင့် ချိတ်ဆက်၍ စုံစမ်းရှာဖွေခဲ့ရာ ဖေဖော်ဝါရီ ၃ ရက် ညပိုင်းတွင် မျိုးဇော်ထက်(ခ) တော်ကီ နေထိုင်သည့် လိပ်စာကိုအတည်ပြုနိုင်ခဲ့ပြီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မျိုးဇော်ထက်(ခ)တော်ကီအား ငွေကျပ်သိန်းသုံးသောင်းကျော် လိမ်လည်မှုဖြင့် လားရှိုးမြို့မရဲစခန်းမှ (ပ)၁၀/၂၀၁၉၊ (ပ)၁၂/၂၀၁၉၊ (ပ)၁၃/၂၀၁၉၊ ရာဇသတ်ကြီး ပုဒ်မ ၄၂၀/၁၁၄ ဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းက အမှုဖွင့်ထားခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ၎င်းကို တာချီလိတ်ရဲစခန်းတွင် ထိန်းသိမ်းထားကြောင်းနှင့် သက်ဆိုင်ရာရဲစခန်းသို့ လွှဲအပ်သွားမည်ဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲမှူး ရင်ရင်အေးက ပြောဆိုသည်ကို စံတော်ချိန်သတင်းအရ သိရ၏။

တော်တော်

www.free4readers.com





# လယ်ယာမြေအငြင်းပွားမှု အမှုသည်မစုံလင်ခြင်းကိစ္စနှင့် စာချွန်တော်အမိန့်

(ယခင်ပတ်မှ အဆက်)

**ဦးတင်ထွေး၏ ရှေ့နေတင်ပြချက်**

အချင်းဖြစ်လယ်မြေများနှင့်အတူ နွား၊ ကျွဲ၊ လှည်း၊ စက်တုံး၊ ထွန်တုံး၊ ထွန်တံများကို ၂၀၀၆ ခုနှစ်၊ ဇွန်လတွင် လျှောက်ထားခံရသူအမှတ်(၆) ဒေါ်မြင့်မြင့်စန်းထံမှ ငွေကျပ်သိန်း ၁၁၀ ဖြင့် အပြီးအပြတ်ဝယ်ယူခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်ထိ လုပ်ကိုင်ခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းတိုက်ပြီးနောက် ရပ်ရွာဒေသမတည်မငြိမ်ဖြစ်ချိန်ကို အခွင့်ကောင်းယူ၍ ဒေါ်မြင့်စန်းက အတင်းအဓမ္မကျူးကျော်ဝင်ရောက်လုပ်ကိုင်သဖြင့် လယ်မြေမှုခင်းပေါ်ပေါက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တိုးကျေးရွာမူလတန်းကျောင်းမြေအဖြစ် သတ်မှတ်ခဲ့ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ရရှိခဲ့ကြောင်း၊ ယင်းမြေကို ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ အစည်းအဝေးမှတ်တမ်း ၁၀/၂၀၁၃ ဖြင့် စွန့်လွှတ်ခဲ့ပြီး တိုး(အ・မ・က)ကော်မတီအကျိုးတော်ဆောင်များက ၂-၈-၂၀၁၄ ရက်နေ့တွင် ယင်းလယ်မြေအား စွန့်လွှတ်ကြောင်း သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း၊ လျှောက်ထားခံရသူအမှတ်(၅)နှင့်(၆)တို့ မြေယာ လုပ်ပိုင်ခွင့်အငြင်းပွားမှုကို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က လျှောက်ထားခံရသူအမှတ်(၅)အား ဆက်လက်လုပ်ကိုင်ခွင့်ပြုသည့်အမိန့်ချမှတ်ခဲ့သဖြင့် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)လျှောက်ထားခဲ့ကြောင်း၊ တိုး(အ・မ・က) ကျောင်းကော်မတီအား သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပြန်လည်ပေးအပ်ရန် ၃ ကြိမ်တိုင် ခေါ်ယူအကြောင်းကြားသော်လည်း ပြန်လည်ပေးအပ်ခြင်းမရှိသဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၈-၇-၂၀၁၇ ရက်စွဲပါ စာအမှတ် ၁၂/လယ-၂၅(၁၈၄/၂၀၁၇)အရ အဆိုပါ(ပုံစံ-၇)ကို ဖျက်သိမ်းပြီးဖြစ်ကြောင်း၊ ရုပ်သိမ်းပယ်ဖျက်ပြီးဖြစ်သည့် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်အား အကြောင်းပြုအရေးဆိုခြင်းဖြစ်၍ လျှောက်ထားသူတို့၏ အမှုခေါ်စာချွန်တော်ထုတ်ဆင့်ပေးရန် လျှောက်ထားချက်ကို ပလပ်သည့်အမိန့်ချမှတ်ပေးပါရန် လျှောက်ထားခဲ့ကြောင်း တွေ့ရပါတယ်။

**ဒေါ်မြင့်စန်း၏ရှေ့နေတင်ပြချက်**

အချင်းဖြစ်မြေယာများကို ဖားမဦးချလုပ်ကိုင်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ခင်ပွန်းဦးဖိုးထူး၏ ငါး၊ ပုစွန်မွေးမြူရေးကန်၌ မှုခင်းဖြစ်ပွားသည့်အကြောင်းပြချက်ဖြင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ယင်းမြေကို တိုးကျေးရွာ(အ・မ・က)ကျောင်းမြေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်မြင့်စန်းက အသနားခံတင်ပြမှုကြောင့် ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာနက မူလပိုင်ရှင်အနေဖြင့် မြေယာပိုင်ဆိုင်ခွင့်ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် အဆင့်ဆင့်အကြောင်းကြားခဲ့ကြောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်အမည်ပေါက်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တစ်ဖက်တွင် ဦးတင်ထွေးနှင့် ဦးသန်းဝင်း(ကွယ်လွန်)တို့ကလည်း အချင်းဖြစ်လယ်မြေအား မတရားရယူနိုင်ရန် ကြိုးစားခဲ့ကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သည် ဒေါ်မြင့်စန်းနှင့် ဦးတင်ထွေးတို့ မြေယာမှုခင်း၌ သက်သေထွက်ဆိုချက်များ နိုင်လုံမှု ရှိ/မရှိ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများ ရှိ/မရှိ သေချာစွာလေ့လာသုံးသပ်ခြင်းမရှိဘဲ ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း၊ ယင်းဆုံးဖြတ်ချက်များသည် မူလပိုင်ရှင်ဖြစ်သော လျှောက်ထားခံရသူအမှတ်(၆) ဒေါ်မြင့်စန်းအတွက် တရားမျှတမှန်ကန်ခြင်း၊ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသဖြင့် ယင်းလယ်မြေများကို မူလပိုင်ရှင်ဖြစ်သော ဒေါ်မြင့်စန်းအား ဆက်လက်လုပ်ကိုင်ခွင့်ပြုသည့်အမိန့်တစ်ရပ် ချမှတ်ပေးပါရန် လျှောက်ထားတင်ပြခဲ့ပါတယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သုံးသပ်ချက်**

အချင်းဖြစ်မြေသည် ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ တိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၀၀/တိုးကွင်း)၊ ဦးပိုင်အမှတ်(၂၄/၁)၊ ဧရိယာ ၁၆・၀၁ ဧက၊ ဦးပိုင်အမှတ်(၂၈/၁)၊ ဧရိယာ ၁၂・၃၉ ဧက စုစုပေါင်း ၂၈・၄၀ ဧကရှိ လယ်မြေအမျိုးအစားဖြစ်သည်။

ယင်းလယ်ယာမြေကို ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဦးဖိုးထူး(လျှောက်ထားခံရသူအမှတ်(၆) ဒေါ်မြင့်မြင့်စန်း၏ခင်ပွန်း)နှင့် ဦးတင်ထွေးတို့ မြေယာအငြင်းပွားမှုဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁၃-၈-၂၀၀၉ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် ၇/၂၀၀၉ ၏ ဆုံးဖြတ်ချက်ဖြင့် ယင်းမြေအား တိုးကျေးရွာ(အ・မ・က) ကျောင်းမြေအဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ပြီး၊ ၁၅-၁၀-၂၀၁၃ ရက်စွဲဖြင့် တိုး(အ・မ・က)သို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ထုတ်ပေးခဲ့ကြောင်း တွေ့ရှိရသည်။

**ဦးခင်ဇော်**
**(တရားလွှတ်တော်ရှေ့နေ-ပဲခူး)**
**အငြိမ်းစားဥပဒေအရာရှိ အဆင့်-၂**

ယင်းမြေကို တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျောင်းပိုင်မြေအဖြစ် သတ်မှတ်ပေးခဲ့မှုအပေါ် ဒေါ်မြင့်စန်း၏ အသနားခံတင်ပြချက်အရ ပညာရေးဝန်ကြီးဌာနအမှတ်(၁)အခြေခံပညာဦးစီးဌာန၏ ၃၀-၁၁-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ(၁-က)/၈၆၂၈/တစ(၁၃)ဖြင့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၆-၉-၂၀၁၃ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးမှတ်တမ်း ၁၀/၂၀၁၃ အရ မူလပိုင်ရှင်အနေဖြင့် မြေယာပိုင်ဆိုင်ခွင့်ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရန် အကြောင်းကြားမှုကို ဒေးဒရဲမြို့နယ် ပညာရေးမှူး၊ ဒေးဒရဲမြို့နယ်(အ・လ・က) အနောက်ဘက်တိုးကျောင်းအုပ်ကြီးတို့က ဒေါ်မြင့်စန်းထံ ဆက်လက်အကြောင်းကြားခဲ့သည်။

ယင်းအကြောင်းကြားစာများအရ ၂-၈-၂၀၁၄ ရက်နေ့တွင် အဆိုပါကျောင်း၏ ကျောင်းကော်မတီဝင် ဥက္ကဋ္ဌ ဦးစိုးစိုး၊ အဖွဲ့ဝင် ဦးသန်းငွေ၊ ဦးအုန်းလှ၊ ဦးကျော်ရင်၊ ဦးမောင်ကို ဦးအေးကိုနှင့် အတွင်းရေးမှူး ဦးကျော်လွင်တို့က ပညာရေးဝန်ကြီးဌာန၏ သိမ်းဆည်းလယ်မြေစွန့်လွှတ်ခြင်းကို ကျောင်းကော်မတီဝင်အားလုံးက သိရှိပြီး မိမိတို့ကျောင်းကော်မတီဝင်များမှလည်း ၎င်းလယ်မြေအား စွန့်လွှတ်ကြောင်း သဘောတူလက်မှတ်ရေးထိုးထားသော အစည်းအဝေးမှတ်တမ်းကို လျှောက်ထားခံရသူများက တင်ပြထားသည်။ ယင်းတင်ပြချက်ကို လျှောက်ထားသူဘက်မှ ပြန်လည်ချေပလွှာ တင်သွင်းထားခြင်းမရှိပေ။

ယင်းလယ်မြေနှင့်ပတ်သက်၍ (အ・မ・က) ကျောင်းပိုင်မြေအဖြစ် သိမ်းယူခံရသဖြင့် စားဝတ်နေရေးဒုက္ခရောက်နေကြောင်း ဦးတင်ထွေးက တိုင်ကြားလာမှုအပေါ် အချင်းဖြစ် လယ်တွင် မူလက လယ်လုပ်ပိုင်ခွင့်ရှိသူများအနေဖြင့် (ပုံစံ-၁)ပါအရည်အချင်းနှင့် ပြည့်စုံသူများမှ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ လျှောက်ထားဆောင်ရွက်သင့်သည်ဟု ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂-၇-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၃၀၀/၄-၁ (၁၁၅၄)အစိုးရ(ဧရာဝတီ)/ထောက်-၁ ဖြင့် အကြောင်းကြားခဲ့သည်။

သို့ဖြစ်ပါ၍ ဦးဖိုးထူး၏ဇနီးဒေါ်မြင့်စန်းနှင့် ဦးတင်ထွေးတို့ လယ်ယာမြေအငြင်းပွားမှု ဖြစ်ပွားမှုကို တိုးကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က မူလမြေယာမှုခင်းဖွင့်လှစ်ပြီး ၁-၈-၂၀၁၄ ရက်နေ့တွင် ယင်းလယ်မြေများကို ဦးတင်ထွေး၊ ဦးသန်းဝင်း မိသားစုအားလုပ်ကိုင်ခွင့်ပြုသည်ဟု ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ဒေါ်မြင့်စန်းက ဒေးဒရဲမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံမှုအမှတ် ၁၅၄/မယ-၂၀၁၄-၂၀၁၅ ဖြင့် လည်းကောင်း၊ ဖျာပုံခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံမှုအမှတ် ၁၇/လယ/၂၀၁၅ (ဒေးဒရဲ)ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံမှုအမှတ် ၂၅၇/မယ/၂၀၁၅-၂၀၁၆ (ဒေးဒရဲ)ဖြင့် လည်းကောင်း အဆင့်ဆင့်အယူခံရာတွင် အယူခံလွှာကိုပယ်ပြီး၊ ဦးတင်ထွေးအား ဆက်လက်လုပ်ကိုင်ခွင့်ပြုသည့် ဆုံးဖြတ်ချက်ကို အတည်ပြုဆုံးဖြတ်ခဲ့သည်။

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်သည် အချင်းဖြစ်လယ်မြေ ၂၈・၄၀ ဧကနှင့် ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးပြီးနောက် မူလမြေယာမှုခင်းဖွင့်လှစ်ခြင်း၊ အယူခံမှုများဖွင့်လှစ်ဆုံးဖြတ်ခြင်းဖြစ်၍ လယ်ယာမြေဥပဒေပုဒ်မ ၁၃၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ၁၇-၅-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၂/လယ-၅(၀၁၉/၂၀၁၃)၊ ၁၂/လယ-၅(၀၂၀/၂၀၁၃)တို့နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။

ဒေါ်မြင့်စန်း၏ခင်ပွန်း ဦးဖိုးထူးနှင့် ဦးတင်ထွေးတို့ မြေယာအငြင်းပွားမှုတွင် ယင်းမြေကို တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျောင်းပိုင်မြေအဖြစ် သတ်မှတ်ပေးခဲ့သော်လည်း ပညာရေးဝန်ကြီးဌာနနှင့် တိုင်းပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးတို့က ယင်းလယ်မြေအား မူလပိုင်ရှင်အနေဖြင့် မြေယာပိုင်ဆိုင်ခွင့်ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရန်အကြောင်းကြားခြင်း၊ ကျောင်းကော်မတီဝင်များက အချင်းဖြစ်လယ်ယာမြေအား စွန့်လွှတ်ခြင်းကို ဆောင်ရွက်ပြီးနောက်မှ မူလမြေယာမှုခင်းဆုံးဖြတ်ခြင်းဖြစ်သည်။ သို့ဖြစ်၍ မြေယာမှုခင်းဖွင့်လှစ်ဆုံးဖြတ်ရာ၌ (ပုံစံ-၇)ရရှိပြီးဖြစ်သော တိုး(အ・မ・က)ကို အမှုသည်အဖြစ်ထည့်သွင်းခြင်းမရှိဘဲ ဆုံးဖြတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

လျှောက်ထားခံရသူအမှတ် (၆)က လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်တည့်မတ်၍ ၎င်းအား ဆက်လက်လုပိုင်ခွင့်ပြုသည့်အမိန့်ချမှတ်ပေးရန် လျှောက်ထားသော်လည်း ယခုအမှုသည် ၎င်းက လျှောက်ထားသည့်အမှုမဟုတ်သဖြင့် ၎င်းတင်ပြချက်ကို ထည့်သွင်းသုံးသပ်ရန် မလိုပေ။

တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လျှောက်ထားခံရသူအမှတ်(၅)ဦးတင်ထွေးအား လုပ်ပိုင် ခွင့်ပြုကြောင်း ဆုံးဖြတ်ပြီးနောက် ဗဟိုလယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့၏ ၂၈-၇-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁၂/ လယ-၂၅(၁၈၄/၂၀၁၇) လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇)ကို တောင်းယူခြင်းဆိုင်ရာနည်းလမ်း ညွှန်ကြားချက်နှင့်အညီ မူလလယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇)ကို ရရှိထားသူ တိုး(အ・မ・က)၏ လက်ဝယ်တွင်ရှိသော (ပုံစံ-၇)ကို ပြန်လည်တောင်းယူ သော်လည်း ပေးအပ်ခြင်းမရှိသဖြင့် ယင်း(ပုံစံ-၇)ကို ဖျက်သိမ်းပြီးဖြစ်ကြောင်း လျှောက်ထားခံရသူအမှတ်(၄) ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ပြန်ကြားအစီရင်ခံစာအရ ဖော်ပြထားသည်။မူလထုတ်ပေးသည့် (ပုံစံ-၇)ကို ဖျက်သိမ်းခြင်းသည် အဆိုပါညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် (ပုံစံ-၇)ကို ဖျက်သိမ်းပြီးဖြစ်ကြောင်း အကြောင်းကြားစာကို ကာယကံရှင်ထံလိပ်မူပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ နေပြည်တော်၊ ပြည်နယ်/တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်(မြို့နယ်ဘဏ်ခွဲ)တို့ကို မိတ္တူပေးပို့၍ အကြောင်းကြားရမည်၊ (ယင်းသို့ မိတ္တူပေးပို့ရာတွင် အဆိုပါဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ကြော်ငြာသင်ပုန်းတွင် ကပ်ထားရန် မိတ္တူအပိုတစ်စောင်စီထည့်သွင်းပေးပို့ရမည်)ဆိုသည့် ညွှန်ကြားချက်နှင့်အညီ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ပြည့်စုံစွာ ဆောင်ရွက်ရမည်ကို သတိချပ်ရမည်ဟု သုံးသပ်ခဲ့ပါတယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ အမိန့်**

လျှောက်ထားခံရသူအမှတ် (၅)ဦးတင်ထွေးနှင့် အမှတ်(၆)ဒေါ်မြင့်စန်းတို့ အချင်းဖြစ် လယ်မြေနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်အငြင်းပွားမှုတွင် အချင်းဖြစ်မြေကို ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ဆုံးဖြတ်ချက်နှင့်အညီ စွန့်လွှတ်ခဲ့သော တိုးကျေးရွာ(အ・မ・က)ကျောင်းကော်မတီအား အမှုသည်အဖြစ်ထည့်သွင်းခြင်း၊ လျှောက်လဲပြောဆိုခွင့်ပေးခြင်းများ မပြုဘဲ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းခြင်းမရှိသဖြင့် ယင်းဆုံးဖြတ်ချက်များအပေါ် စာချွန်တော်မိန့် ထုတ်ဆင့်ရန်အကြောင်းမပေါ်ပေါက်ပေ။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုကို ပယ်ဟု သုံးသပ်ဆုံးဖြတ်၍ အမိန့်ချမှတ်ခဲ့ပါတယ်။

**တင်ပြခြင်း**

လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုတွေမှာ သက်ဆိုင်တဲ့သူကို အမှုသည်အဖြစ် ထည့်သွင်းခြင်းမပြုဘဲ ဆုံးဖြတ်ခဲ့တဲ့ ကိစ္စတွေမှာ တချို့ကိစ္စရပ်တွေမှာ အမှုသည်အဖြစ် ထည့်သွင်းဖို့လိုပေမဲ့ ခုကိစ္စက စွန့်လွှတ်ခဲ့ပြီးတဲ့ကျောင်းကော်မတီကို အမှုသည်အဖြစ် ထည့်သွင်းဖို့ မလိုအပ်ကြောင်း ကောက်နုတ်ဆုံးဖြတ်ခဲ့တာပါ။ ဒါကြောင့် အငြင်းပွားမှုတွေမှာ အမှုသည်အဖြစ် ထည့်သင့်/မထည့်သင့်ကို သည်အမှုရဲ့ ဆုံးဖြတ်ချက် အမိန့်က ကိုးကားစရာလမ်းညွှန်မှုဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

ဦးခင်ဇော်(တရားလွှတ်တော်ရှေ့နေ-ပဲခူး)
အငြိမ်းစားဥပဒေအရာရှိ အဆင့်-၂

www.free4readers.com



# လိမ်လည်မှုအနုပညာ

ဇေယျမင်းမင်းဝင်း

လိမ်လည်မှုကို အနုပညာနှင့်နှိုင်းသည့်အတွက် လိမ်လည်ခံရပြီး ဒုက္ခအပေါင်းကြုံတွေ့နေရသူများက ထရိုက်ချင်စိတ်ပေါ်မှာစိုးမိပါသည်။ သို့သော် ကျွန်တော်သည်အများနည်းတူ လိမ်လည်မှုကြီးများကို ကြားရုံသိရုံမျှမက တန်ဖိုးအလွန်ကြီးမားသော လိမ်လည်မှုကြီးများကို အကြောင်းအားလျော်စွာ စစ်ဆေးခဲ့ရသည့် အတွေ့အကြုံရှိသည်ကတစ်ကြောင်း၊ သိချင်စိတ်ကြောင့် ကမ္ဘာကျော်လူလိမ်ကြီးများအကြောင်း တကူးတက ရှာဖွေဖတ်ရှုထားမိသည်က တစ်ကြောင်းကြောင့် လိမ်လည်မှုဟူသည် ဖန်တီးချက်များပါသည်ကို ကောင်းစွာသိရှိပါသည်။

ထို့အပြင် ထိုဖန်တီးချက်များသည် သာမန်လူတို့ မတွေးနိုင်၊ တွေးမိသော်လည်း မစွမ်းဆောင်နိုင်လောက်အောင် ပြောင်မြောက်သောဖန်တီးချက်များဖြစ်သည်ကို တွေ့ရသဖြင့် အနုပညာ ဖန်တီးချက်များနှင့် နှိုင်းကြည့်မိခြင်းဖြစ်ကြောင်း ပဏာမပြောလိုပါသည်။

ဆောင်းပါးမရေးမီကျွန်တော်သည် လူမှုကွန်ရက်တွင်တင်ထားသော အလိမ်ခံရသူတစ်ဦး၏ ဗွီဒီယိုဖိုင်ဖြင့် တင်ပြချက်ကိုကြည့်ခဲ့ပါသည်။ ထိုသူမှာနောက်ထပ်သူလိုအလိမ်ခံရသူများ မရှိအောင် သတိပေးလိုသည့်သဘောဖြင့် တင်ကြောင်းပြောထားသဖြင့် ၎င်း၏စေတနာကို လေးစားစရာကောင်းပါသည်။

၎င်းကိုငွေ သိန်းပေါင်းများစွာလိမ်သွားသူမှာ လက်ရှိတရားရုံးသုံးလေးခု ထက်မနည်းတွင်လိမ်လည်မှုဖြင့် စွဲဆိုခံထားရသည့် အမျိုးသမီးကြီးတစ်ဦးဖြစ်သည်။ ဗွီဒီယိုဖိုင်တင်ပြသူက အလိမ်ခံရသူများမှာလောဘကြီးလွန်း၍ အယုံလွယ်လွန်း၍အလိမ်ခံရသည်ဟု ထင်လေ့ရှိကြောင်း၊ ၎င်းကိုယ်တိုင်စီးပွားရေးလုပ်ငန်းများစွာလုပ်ခဲ့ရာယုံလွယ်သူမဟုတ် စိစိစစ်စစ်လုပ်တတ်သူဖြစ်ကြောင်း၊ သို့သော် အချိန်ယူဆက်ဆံကြည့်ရာ ယုံစရာအချက်များ တွေ့ရသဖြင့် ယုံကြည်မိခြင်းသာဖြစ်ကြောင်း ရှင်းပြထားပါသည်။

ကျွန်တော် မှခင်းပရိသတ်အကျိုးရှိစေရန် တင်ပြလိုသည့် အချက်မှာလည်း ထိုအချက်ပင်ဖြစ်ပါသည် "လိမ်လည်မှုအနုပညာ"ကို အထင်မသေးကြပါနဲ့ဟု ပြောချင်ပါသည်။ အလိမ်ခံရတဲ့ကောင်တွေက လူအလူနတွေပါ။ လောဘကြီးတဲ့သူတွေပါ။ ငါလိုလူကို ဘယ်ရမလဲဟု အထင်ရောက်လျှင် အလိမ်ခံရဖို့နီးစပ်ပါသည်။ ရှေးကပုံပြင် လူတိုင်းလိုလိုကြားဖူးပါသည်။ ဘုရင်ကြီးတစ်ပါးသည် ဘုန်းကြီးလွန်းသောကြောင့် နတ်ဝတ်ပုဆိုး ဆက်သလာသည်ဟူသော လူလိမ်၏ စကားကို ယုံစားမိသည်ကတစ်ကြောင်း မိမိကိုယ်ကို အထင်ကြီးသည်က တစ်ကြောင်းကြောင့် ပုဆိုးမပါဘဲ တိုင်းခန်းလှည့်မိသော အဖြစ်ကိုမှတ်မိမည်ထင်ပါသည်။ မြန်မာဘုရင်အဆက်ဆက် အာဏာရှင် အဆက်ဆက် ဗေဒင်ယုံ၊ နတ်ယုံ၊ ယတြာယုံပြီး ရက်ဖွယ်လိလိတိုင်းပြည်နှင့်ချီ၍မှားသောအမှားများမှာပုဆိုးမပါဘဲ တိုင်းခန်းလှည့်မိသော အမှားထက် များစွာဆိုးရွားမှုများပေးခဲ့သည်ကို သတိထားမိလျှင် သိနိုင်ပါသည်။ "လိမ်လည်မှုအနုပညာ"ကို အထင်သေးခြင်း၏အခြေခံ ဖြစ်ပါသည်။

**ကမ္ဘာကျော်လိမ်လည်မှု အနုပညာရှင်မြို့စားကြီး ဗစ်တာလစ်စတစ်**

လိမ်လည်မှုအနုပညာအကြောင်း ပြောလျှင် ဩစတြီးယားတွင် မွေးဖွားခဲ့သော မြို့စားကြီး ဗစ်တာလစ်စတစ်အကြောင်း မပါလျှင် ပြည့်စုံမည်မဟုတ်ချေ။ ၎င်းသည်ဘဝတစ်လျှောက်လုံး အလုပ်အကိုင်ဘာမျှမလုပ် လိမ်လည်မှုဖြင့်သာ အသက်မွေးခဲ့ပြီး ၎င်းလိမ်လည်သမျှ အမှုများတွင် သွေးအေးအေး တည်တည်ငြိမ်ငြိမ်ဖြင့် အခက်အခဲဟူသမျှ ကျော်လွှားကာ မယုံနိုင်အောင် အရည်အချင်းပြည့်ဝစွာ လိမ်လည်နိုင်သဖြင့် ဒုစရိုက်လောကသားများကရော၊ ရဲနှင့်စုံထောက်များကပါ နောက်ပြောင်၍ မြို့စားဘွဲ့ပေးရာမှ မြို့စားကြီး ဗစ်တာလစ်စတစ်ဟူသော အမည်မှာ အတည်ဖြစ်သွားကြောင်း အဆိုရှိပါသည်။

စာဖတ်သူများအနက် ဟောလီးဝုဒ်မင်းသားချောလေးလီယိုနာဒိုမင်းသားအဖြစ် သရုပ်ဆောင်သည့် "Catch Me If YouCan"(မင်းငါ့ကိုဖမ်းနိုင်ရင်ဖမ်းစမ်း) ဇာတ်ကားကိုကြည့်ဖူးသူရှိပါက…ထိုဇာတ် ကားသည် မြို့စားကြီး ဗစ်တာလစ်စတစ်၏ ဖြစ်ရပ်မှန်တစ်စိတ်တစ်ပိုင်းကို ရိုက်ထားခြင်းဖြစ်ပါသည်။ အမေရိကတွင်ဂျက်(ဇ)ဂီတလွှမ်းမိုးနေသော ထိုကာလတွင်အမေရိကနှင့် ပြင်သစ်ပြည် ပဲရစ်မြို့၌ မြို့စားကြီးဗစ်တာလစ်စတစ်ကိုအန္တရာယ်အကြီးဆုံးလူလိမ်အဖြစ် ကြေညာထားရသည်။ ၎င်းရောက်သည့်နေရာတိုင်း မျက်လှည့်လက်လှည့်နည်းများသုံးကာ လိမ်သွားသောအမှုများ နေ့ချင်းညချင်းချမ်းသာနိုင်မည်ဟု မက်လုံးပေးကာ လိမ်လည်သွားခြင်းများ လှုပ်ခါကျန်ခဲ့ပါသည်။

**ဗစ်တာ၏အကြောင်း**

ဗစ်တာလစ်စတစ်သည် ရုပ်ချောပြီး အလွန်အပြောကောင်းသလို အလွန်ရဲတင်းသူဖြစ်သည်။ ၎င်းနောက်ကိုလိုက်နေသော စုံထောက်တစ်ဦးက ဗစ်တာသည် စီးကရက်မီးခိုးငွေ့ကဲ့သို့ ပျောက်ချင်သောနေရာတွင် ပျောက်သွားတတ်သည်၊ မိန်းမငယ်လေး၏မျက်လုံးကဲ့သို့ ဆွဲဆောင်မှုရှိသည်ဟု မှတ်ချက်ချခဲ့သည် မီလဝါးကီးဂျာနယ်က ဗစ်တာလစ်စတစ်သည် သည် ဝတ္ထုဇာတ်လမ်းမှ မင်းသားပဲဟုရေးသားခဲ့သည့် နယူးယောက်တိုင်းသတင်းစာက ဗစ်တာလစ်စတစ်သည် ရှေးရိုးဆန်ဟန်ကြီးပန်ကြီးမြို့စားမျိုးနှင့် မတူသော တကယ်ကွန္တြေရှိရှိ အဆင့်အတန်းမြင့်မြင့်မြို့စားကြီးဖြစ်သည်ဟု အယ်ဒီတာ့အာဘော်တွင် ရေးသားခဲ့သည်အထိ ရုပ်ရည်နှင့်နေထိုင်လှုပ်ရှားမှုပုံစံကျလှသည်။

ဗစ်တာသည် အဝတ်အစားကောင်းများကို သေသပ်စွာဝတ်ဆင်ပြီး စိတ်ညို့ပညာရှင်တစ်ဦး၏ ညို့မျက်လုံးများရှိသည်။ ဘာသာစကား(၅)မျိုးကို ကျွမ်းကျင်စွာပြောနိုင်ပြီး ၎င်းသက်တမ်းတစ်လျှောက် နာမည်ပေါင်း(၄၇)ခု သုံးစွဲသွားသည်၊ အမည်အမျိုးမျိုးနှင့်နိုင်ငံကူးလက်မှတ်အတုဒါဇင်နှင့်ချီ၍ ပြုလုပ်ထားသည် အမျိုးသမီးများကို လေးလေးစားစားဆက်ဆံလေ့ရှိသည် သူသည်နူးညံ့သိမ်မွေ့ပြီး အခြားသူများကို အနာတရဖြစ်အောင် ကြမ်းတမ်းစွာပြုခြင်းမရှိ၊ မည်သည့်အခါတွင်မှ သေနတ်ကိုကိုင်ဆောင်သူမဟုတ်ဟု ပြောကြသည်။ သို့သော်လည်း အကြောက်အလန့်မရှိ ရဲတင်းသူတစ်ဦးဟု တွေ့ဖူးသူများက ပြောကြ၏။

**အကျော်ကြားဆုံးလိမ်လည်မှုများ**

ဗစ်တာလစ်စတစ်သည် ၎င်း၏ဘဝတစ်သက်တာလုံးလိမ်လည်မှုပေါင်း မည်မျှကျူးလွန်ခဲ့သည်ကို ဘယ်သူမှမသိနိုင်ပေ၊ မပေါ်သောအမှုများလည်းအများအပြားရှိနိုင်သည်။ နာမည်ကြီးသောအမှုမှာ ပြင်သစ်နိုင်ငံမြို့တော်ပါရီမှသမိုင်းဝင်အီဖယ်မျှော်စင်ကြီးကို လိမ်ရောင်းခဲ့သည့် အမှုဖြစ်သည်။ လိမ်ရောင်းသည်မှာ တစ်ကြိမ်တည်းမဟုတ် နှစ်ကြိမ်တိုင်တိုင် လိမ်ရောင်းခဲ့ခြင်းဖြစ်သည်။ ပထမအကြိမ်တွင် ၎င်းသည်ရှေး မင်းညီမင်းသား မြို့စားမျိုးရိုးမှ ဆင်းသက်လာသူအဖြစ် ဟန်ဆောင်ကာ ၎င်းသည် မျှော်စင်ကြီးကို ပိုင်ဆိုင်ခဲ့သော မျိုးရိုးမှ ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဆင်းရဲမွဲတေနေသဖြင့် မျှော်စင်ကြီးကို ပြန်ရောင်းလိုကြောင်း ယုံအောင်ဖြီးဖြန်းပြောဆိုကာ တောသူဌေးတစ်ဦးကို ရောင်းခဲ့ခြင်းဖြစ်သည်။

ဒုတိယအကြိမ်တွင် ဌာနဆိုင်ရာများကိုပင့်ဖိတ်ကြားပြီး အစည်းဝေးကဲ့သို့ ပြုလုပ်ပြကာဝယ်မည့်သူကို အယုံသွင်းပြီး ရောင်းခဲ့ခြင်းဖြစ်သည်။ ထိုအမှုများကြောင့် ပြင်သစ်ရဲအဖွဲ့က ၎င်းကိုအလိုရှိနေစဉ် အမေရိကန်ပြည်ထောင်စုပြည်နယ် (၅၀)ရှိသည့်အနက် မြို့(၄၀)ကျော်မှ ရဲအဖွဲ့များက ၎င်းကိုအလိုရှိခဲ့သည်။

ဒုတိယနာမည်ကြီးသော လိမ်လည်နည်းတစ်ခုမှာ ဒလိမ့်တုံးများ၊ ကြေးဝါဒိုင်ခွက်များ၊ ခလုပ်များပါသည့် သစ်သားကိုယ်ထည် သေတ္တာငယ်လေးတစ်ခုဖြစ်ပြီး ၎င်းက ရေဒီယံ(Radium)ဟု ခေါ်သည်။ ဗစ်တာလစ်စတစ်သည် ၎င်းလိမ်ရန် ရွေးချယ်ထားသူကို နည်းမျိုးစုံဖြင့်ချဉ်းကပ်ပြီး ၎င်းတွင် ငွေစက္ကူအတုပြုလုပ်နိုင်သော သေတ္တာလေးရှိကြောင်း ယုံအောင်ပြောသည်။ ထိုသေတ္တာလေးမှာ ငွေစက္ကူအစစ်တည့်လိုက်လျှင် ပုံတူကူးပေးနိုင်သည့် စက်ဖြစ်ကြောင်းပြောကာ လက်တွေ့ ငွေစက္ကူများပွားပြ၏။ ထို့နောက်တွင်စက်ကို အကြောင်းပြုကာ ထိုသူထံမှငွေများများ ထွက်လာအောင် လိမ်ပြီးနောက် စက်ကိုထားကာငွေယူပြီး ခြေရာဖျောက်သောနည်းကိုသုံးလေသည်။ ၎င်းနှင့်အတူ တစ်ခါတစ်ရံ အကူအဖြစ် ၎င်း၏ လူယုံတစ်ယောက်ကိုပါ ဒလံအဖြစ်သုံး၏။ အချို့အလိမ်ခံရသူများမှာ ကိုယ်တိုင်ရာဇဝတ်မကင်းသော အလုပ်ကိုလုပ်ခြင်းဖြစ်သဖြင့် မတိုင်ရဲချေ။

ဗစ်တာသည်ငွေစာကိုလည်း တစ်ကယ်လုပ်၏။ ၎င်းကို အမေရိကန် Secret Service က ငွေတုပြုလုပ်သောအမှုကြောင့် အပြင်းအထန်နောက်ကလိုက်စုံစမ်းခြင်းဖြစ်လေသည်။ ၎င်းလုပ်သောငွေတုများသည် အလွန်သေသပ်ပြီး အစစ်နှင့်ခွဲမရသဖြင့် တစ်ခါတစ်ရံ စက်ဖြင့်စစ်သည်ကိုပင် ကျော်လွှားသွားသည်ဟုဆိုပါသည်။

**ဗစ်တာလစ်စတစ်အဖမ်းခံရခြင်း**

ရဲနှင့်ထောက်လှမ်းရေးအဖွဲ့ပေါင်းစုံက အပြင်းအထန်နောက်ကလိုက်နေသော ဗစ်တာလစ်စတစ်သည် ၁၀-၅-၁၉၃၅ ရက်နေ့တွင် နယူးယောက်မြို့လမ်း ထောင့်တစ်နေရာ၌ စုံထောက်များ၏ဝိုင်းဝန်းဖမ်းဆီးခြင်းကို ခံလိုက်ရလေ၏။ အမေရိကန်လျှို့ဝှက်စုံထောက်အဖွဲ့အနေဖြင့် ၎င်းတို့၏အောင်ပွဲဟု ကြွေးကြော်နိုင်ခဲ့သည်။ သို့သော် မကြာပါ ၁-၉-၁၉၃၅ ရက် တွင် မန်ဟတ်တန်ရှိ မည်သို့မျှထွက်မပြေးနိုင်အောင် စီမံထားသော ပြည်ထောင်စုအကျဉ်းထောင်မှ ဗစ်တာလစ်စတစ်ထွက်ပြေးခဲ့သည်။

၎င်းသည် မွေ့ယာနှင့်စောင် များကိုဆုတ်ဖြဲပြီး ကြိုးကဲ့သို့ကျစ်ကာထိုကြိုးဖြင့် အချုပ်ခန်းသံတိုင်အမြင့်မှ "တာဇံ"သဖွယ် ကြိုးကိုလွှဲကာ ခုန်ချခဲ့ကြောင်း၊ ထိုသို့လွှဲရမ်းနေစဉ် လမ်းသွားလမ်းလာများက ဝိုင်းကြည့်နေရာ မှန်သန့်ရှင်းရေးလုပ်နေသည့် အလုပ်သမားဟု ထင်အောင် အဝတ်စတစ်ခုကို အိတ်မှထုတ်ကာကိုင်ထားကြောင်း၊ မြေပြင်သို့ကျလာစဉ် အောက်မှဝိုင်းကြည့်နေသူလမ်းသွားလမ်းလာများကို ဆပ်ကပ်ပုံစံဦးညွတ်၍ အရိုအသေပေးသေးကြောင်း ထို့နောက် ဒရယ်ပေါက်ကလေးတစ်ကောင်ကဲ့သို့ ခုန်ပေါက်ထွက်ခွာသွားကြောင်း သက်သေများကပြောကြသည်။

အစောင့်များ ၎င်း၏အခန်းသို့ရောက်လာကြသောအခါဗစ်တာလစ်စတစ်က ၎င်း၏ခေါင်းအုံးပေါ်တွင် စာရေးဆရာကြီး ဗစ်တာဟူးဂိုး၏လက်ရာစာမွန်တစ်ခုဖြစ်သည့် "ဥပဒေဆိုတာ ဘုရားသခင်ရေးဆွဲထားတာမဟုတ်ဘူးဆိုတော့ လူဆိုတာမှားတတ်ပါတယ်"ဆိုသော စာတစ်စောင်ကို ရေးထားခဲ့ကြောင်း တွေ့ရသည်ဟုဆိုပါသည်။

ဇာတ်သိမ်း

မည်သို့ဆိုစေ အလွန်တော်သောလိမ်လည်မှုအနုပညာရှင် ဗစ်တာလစ်စတစ်သည် ရာဇဝတ်ဘေးပြေးမလွတ်ဟူသော စကားအတိုင်း နောက်ဆုံးတွင် ပြန်လည်အဖမ်းခံရပြီး ၁၉၄၆ ခုနှစ်တွင် အမေရိကန်၏ အယ်လကာထရက်(ဇ်) အကျဉ်းထောင်တွင်း၌ ကွယ်လွန်ခဲ့ပါသည်။ ၎င်းတွင် ဇနီးနှင့်သမီးတစ်ဦး ကျန်ရှိခဲ့ပါသည်။

ဇေယျမင်းမင်းဝင်း

## ရာဇသတ်ကြီး ဥပဒေဖတ်စာ

လူရှိလျှင် ဥပဒေရှိမည်၊ ဥပဒေသိမှ ရှောင်လို့ရ၊ စိတ်ကချမ်းသာမည်။

ပုဒ်မ ၃၀၂

ရာဇသတ်ကြီးထဲမှာ ပြစ်ဒဏ်အကြီးဆုံးပုဒ်မ ဒုက္ခပေတံနဲ့ သေဒဏ်နဲ့ တစ်သက်တစ်ကျွန်း ကျနိုင်တဲ့လူသတ်မှု။

ပုဒ်မ ၄၉၆

လင်မယားအတု၊ ငွေရလိုမှု အမွေရလိုမှုနဲ့ အခုလို သရုပ်ဆောင်ကြရင် နှစ်ယောက်စလုံးထောင်ကျမှာ ကျိန်းသေ၊ ထောင်(၇)နှစ်အထိတဲ့။

ပုဒ်မ ၃၁၂

ရည်းစားကို အလိုလိုက်လို့ပဲဖြစ်ဖြစ်၊ အဓမ္မကျင့်ခံရလို့ပဲဖြစ်ဖြစ်၊ ဗိုက်ထဲကကလေး ဖျက်ချပေးရင် ထောင်(၇)နှစ်၊

ပုဒ်မ ၄၉၀

လင်ရှိမယားခေါ်သွားပြီး လျှောက်မလည်နဲ့ ရုပ်ရှင်မကြည့်နဲ့ လင်သိလို့တိုင်ရင် ထောင်(၇)နှစ်၊

ပုဒ်မ ၄၆၆

လင်နောက်လိုက်ပြီးမှ အသက်လိမ်၊ အလုပ်ရဖို့ အသက်ညာရင် ဥပဒေကလည်း ငဲ့ညှာမှာမဟုတ်၊ အလုပ်နဲ့ ထောင်(၇)နှစ်၊

ပုဒ်မ ၄၉၇

လူများမယားကို အချိန်မတော်ခေါ်သွားပြီး အတူနေကြရင် သူ့လင်က မယားခိုးမှုနဲ့တိုင်လို့ ခိုးမှုနဲ့ထောင်ကျမယ် (၅)နှစ်၊

ပုဒ်မ ၃၀၄

ပေးထားတဲ့ငွေ ပြန်မရလို့ ဒေါပွပြီး ခြိမ်းခြောက်တောင်းရင် ငွေမရဘဲ ထောင်ထဲ(၃)နှစ်တောင် သွားနေရလိမ့်မယ်။

ပုဒ်မ ၃၂၆

အိမ်ဖော်ခေါ်ပြီး လုပ်တာကိုင်တာမကြိုက်လို့ စိတ်ပျက်တယ်ဆိုပြီး မနိုပ်စက်နဲ့ ရက်စက်သလို လက်နက်ပါရင် ထောင်(၁၀)နှစ်ထိကျမယ်။

ပုဒ်မ ၃၄၀

ခေါ်ထားတဲ့အိမ်အကူ မိဘနဲ့အတူခဏသွားနေချင်တာလို့ပြောရင် မတားနဲ့၊ သွားမရအောင်လည်း ပိတ်မလှောင်နဲ့ ထောင်တစ်လထိ ကျနိုင်တယ်။

ပုဒ်မ ၃၇၇

ယောကျ်ားအချင်းချင်း၊ မိန်းမအချင်းချင်း၊ သူငယ်ချင်းလို့မဟုတ်၊ အိမ်ထောင်သည်လို့မဟုတ် အတူနေတိရစ္ဆာန်တွေလို ကာမစပ်ယှက်ကြရင် ဥပဒေ ထောင်(၁၀)နှစ်အထိ ချလို့ရသတဲ့။

ပုဒ်မ ၁၉၃

ဟုတ်လည်းမဟုတ်၊ သိလည်းမသိဘဲနဲ့ ဟုတ်တယ်၊ သိတယ်ဆိုပြီး ခေါင်းကြီးညိတ်လိုက်ရင် ကျိန်းသေ ထောင်ကျတယ် (၇)နှစ်အထိ၊

ပုဒ်မ ၅၀၀

မဟုတ်ကဟုတ်က လုပ်ပြပြီး လူများသိက္ခာကျအောင်ပြောဆိုဆောင်ရွက်ရင် ထောင်သက်(၂)နှစ်ထိ ကျနိုင်တယ်။

ဥပဒေလေ့လာသူတစ်ဦး

www.free4readers.com



# ဥပဒေဒိုင်ယာရီ (၃၂၇)

UTK (မဟာဝိဇ္ဇာ၊ သိပ္ပံ၊ ဥပဒေ)

## တရားမမှု၏ တရားလိုများအကြောင်း



နိုင်ငံသားတိုင်းမှာ ကိုယ်ပိုင်အခွင့်အရေးနဲ့ တာဝန်များ ရှိပါတယ်။ နိုင်ငံတော်က ဒီအခွင့်အရေးကို အသိအမှတ်ပြုထားရတယ်။ လူသားမှာ ပုဂ္ဂလိကပိုင်ဆိုင်တဲ့ အခွင့်အရေး(၄)ရပ်ရှိတယ်။ ဒီအခွင့်အရေးကို (မည်သူကမှ)မထိပါးရဘူး။ နိုင်ငံတော်၊ အဖွဲ့အစည်းများကလည်း မထိပါးရဘူး။ ဒါတွေကတော့ (က)ကိုယ်ခန္ဓာလွတ်လပ်ခွင့်နဲ့ လုံခြုံမှု (ခ)စိတ်လွတ်လပ်လုံခြုံခွင့် (ဂ) ဂုဏ်အသရေကို ထိန်းသိမ်းထားပိုင်ခွင့် (ဃ)ပစ္စည်းဉစ္စာပိုင်ဆိုင်ခွင့်တို့ဖြစ်တယ်။ ဒီအခွင့်အရေး(၄)ရပ်ကို တစ်စုံတစ်ယောက်က ထိပါးနှောက်ယှက်လာရင် မည်သူအပေါ်ကိုမဆို (နစ်နာသူ)မိမိက တရားလိုပြုလုပ်ပြီး တရားစွဲဆိုနိုင်ပါသည်။

**ကနေ့တော့ တရားမမှုရဲ့ တရားလိုအကြောင်း တင်ပြပါမယ်။**

တရားမမှုများမှာ တရားလို(နစ်နာသူ)က မိမိနစ်နာမှုအတွက် တရားရုံးမှာ တောင်းဆိုနိုင်တဲ့ အခွင့်အရေး (သက်သာခွင့်) ၅မျိုးရှိတယ်။

တရားလို၊အမှုသည်အကြောင်း

တရားမမှုတစ်ခု (ငွေရလိုမှု၊ နှင်ထုတ်လိုမှု၊ အမွေခွဲဝေပေးစေလိုမှု) စွဲဆိုမယ်ဆိုရင် (အဆိုလွှာ)ကို သက်ဆိုင်ရာ တရားရုံးမှာ တင်သွင်းရတယ်။ အဆိုလွှာမှာ သက်သာခွင့် (အခွင့်အရေး) တောင်းဆိုသူက တရားလိုအဖြစ် ဖော်ပြရတယ်။ တရားလိုက တစ်ယောက် သို့မဟုတ် အများဖြစ်နိုင်တယ်။ အဆိုလွှာဘယ်လိုရေးရတယ်။ ဘယ်သူတွေက တရားလိုလုပ်ရတယ်ဆိုတာကို တရားမကျင့်ထုံးမှာ ပြဋ္ဌာန်းထားတယ်။ ဒီအတိုင်းလိုက်နာရတယ်။ ရှေ့နေရှေ့ရပ်မပါရှိဘဲ (တရားလို)အဖြစ် အဆိုလွှာကို ကိုယ်တိုင်ရေးပြီးတင်ဖို့ဆိုတာ အလွန်ခက်ခဲပါတယ်။ ဒါကြောင့် တရားလိုအဖြစ် တရားစွဲခြင်းအကြောင်း ဗဟုသုတအဖြစ် တင်ပြလိုက်ပါတယ်။

ကိုဖြူ ။ ။ တရားမမှုမှာ ဘယ်သူက တရားလိုအဖြစ် စွဲဆိုနိုင်သလဲ။ ဘယ်သူတွေက မစွဲဆိုနိုင်ဘူးလဲဆရာ။

ယှူတီကေ ။ ။ တရားမမှုများမှာ မည်သူမဆိုတရားလိုအဖြစ် တရားစွဲဆိုနိုင်တယ်။ ဒါပေမဲ့ သီးခြားပြဋ္ဌာန်းထားတဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများဆိုင်ရာ ပြဋ္ဌာန်းချက်တွေရှိတယ်။

(က) မွေးဖွားပြီးစ ကလေးဟာလည်း တရားလိုအဖြစ် တရားစွဲဆိုနိုင်တယ်။ အရွယ်မရောက်သေးတဲ့သူများနဲ့ ဆိုင်တဲ့ ပြဋ္ဌာန်းချက်ရှိတယ်။ အရွယ်မရောက်သေး သူရဲ့ နီးစပ်ရာမိတ်ဆွေက ထိုအရွယ်မရောက်သေးသူရဲ့ အမည်နဲ့တရားစွဲဆိုရတယ်။ အရွယ်မရောက်သေးတဲ့ သူရဲ့နီးစပ်ရာမိတ်ဆွေမပါဘဲ တရားစွဲရင် တရားရုံးက အရွယ်မရောက်သေးတဲ့သူကို ထိခိုက်နစ်နာတဲ့အမိန့် မချမှတ်ရဘူး။ အဲဒီအမှုမှာ ရှေ့နေပါခဲ့ရင် ရှေ့နေက စရိတ်ကျခံရတယ်။

(ခ) တရားလိုဟာ ရူးသွပ်သူဖြစ်နေပြီး မိမိအကျိုးစီးပွားကိုမကာကွယ်နိုင်ကြောင်း ရုံးကတွေ့ရှိရင် အရွယ်မရောက်သေးသူကဲ့သို့ နီးစပ်ရာမိတ်ဆွေခန့်ထားပြီးမှ အမှုကို ဆောင်ရွက်ရတယ်။

(ဂ) တရားလိုဟာ မိန်းမ(အပျို)ဖြစ်ပြီး အမှုအတောအတွင်း ယောကျ်ားယူလိုက်ရင် အမှုဟာရပ်စဲ၊ ဆုံးခန်းတိုင်ရောက်မသွားဘူး။ အမှုဆက်ဆောင်ရွက်ရတယ်။

(ဃ) တရားလိုဟာ (ကြွေးမဆပ်နိုင်တဲ့)လူမွဲဖြစ်သွားရင် အမှုဆုံးခန်းတိုင်ရောက်မသွားဘူး။ ရုံးတော်က ပစ္စည်းထိန်းခန့်ပြီး ဆက်လက်ဆောင်ရွက်နိုင်တယ်။

(င) အစိုးရက တရားလိုအဖြစ်စွဲဆိုတဲ့ အမှုတွေမှာ အစိုးရက ဤကိစ္စအလို့ငှာ အမိန့်တစ်ရပ်ရပ်နဲ့ ခန့်ထားခြင်းခံရတဲ့ပုဂ္ဂိုလ်က တရားလိုအဖြစ် လက်မှတ်ရေးထိုး တရားစွဲဆိုရမယ်။

(စ) ကော်ပိုရေးရှင်းက တရားလိုအဖြစ် တရားစွဲဆိုရင် အမှုကိစ္စထွက်ဆိုနိုင်တဲ့ ဒါရိုက်တာ လူကြီး၊ ကော်ပိုရေးရှင်းမှ အခြားအရာရှိက လက်မှတ်ရေးထိုးတရားစွဲဆိုနိုင်တယ်။

(ဆ) လူအများပါဝင်တဲ့ အစုစပ်လုပ်ငန်းကတရားလိုအဖြစ် တရားစွဲရင် အစုစပ်လုပ်ငန်း အမည်နဲ့တရားလိုပြုလုပ်ပြီး တရားစွဲဆိုနိုင်တယ်။

(ဇ) ယုံကြည်အပ်နှံခံရသူ၊ သေတမ်းစာအတည်ပြုသူနဲ့ အမွေထိန်းရသူများဟာ ပစ္စည်းအပေါ် အကျိုးခံစားထိုက်တဲ့သူနဲ့ အခြားသူတို့ အမှုဖြစ်ပွားရင် အကျိုးခံစားထိုက်သူများအတွက် ကိုယ်စားပြုစွဲဆိုရမယ်။

ကိုဖြူ ။ ။ ကျွန်တော်က လူ(၁၀)ယောက်ဆီက ငွေရစရာတွေရှိနေတယ်။ ကျွန်တော်ကိုယ်တိုင် တရားမစွဲဘဲ ကိုယ်စားလှယ်နဲ့ တရားလိုလုပ်ပြီး တရားစွဲလို့ရသလားဆရာ။

ယှူတီကေ ။ ။ ကိုဖြူက မိမိကိုယ်စား တစ်ဦးတစ်ယောက်ကို ကိုယ်စားလှယ်စာ (အထူးကိုယ်စား လှယ်စာ။ အထွေထွေကိုယ်စားလှယ်စာ) ပေးပြီး ငွေရစရာရှိတဲ့ လူ(၁၀)ယောက်အပေါ် တရားလိုလုပ်ပြီး တရားစွဲဆိုနိုင်တယ်ဗျ။ အဲဒါကို အခွင့်ရကိုယ်စားလှယ်ခန့်ထားပြီး တရားစွဲဆိုတာလို့ခေါ်တယ်။ ဒါပေမဲ့ တရားရုံးက ကိုဖြူကိုယ်တိုင် တရားရုံးကို လာရောက်ဖို့ဆင့်ဆိုရင်တော့ ကိုယ်တိုင်တရားရုံးကိုသွားရလိမ့်မယ်။ တရားလိုကိုယ်တိုင်လာဖို့ ဆင့်ခေါ်လျှက်နဲ့ တရားလိုရုံးကို မလာရောက်ရင် တရားရုံးက တရားလိုစွဲဆိုတဲ့ အမှုကို လပ်နိုင်တယ်။

ကိုဖြူ ။ ။ ကျွန်တော်က ကျွန်တော့်ငွေလိမ်သွားတဲ့ ပြစ်မှုကျူးလွန်သူတစ်ယောက်အပေါ် ကျွန်တော့်ကိုယ်စားကိုယ်စားလှယ်စာခန့်ထားပြီး ရဲစခန်းမှာ တရားစွဲဆိုလို့ရသလားဆရာ။

ယှူတီကေ ။ ။ ရာဇဝတ်မှုတွေမှာတော့ နစ်နာသူတရားလိုကိုယ်တိုင်တိုင်တန်းတရားလိုပြုလုပ်ပြီး တရားစွဲရတယ်။ မိမိကိုယ်စား ကိုယ်စားလှယ်လွှတ်ပြီး တိုင်ချက်ဖွင့်တာ၊ ဦးတိုက်လျှောက်ထားတာ လုပ်ခွင့်မရှိဘူး။ ဥပမာ - အထက်က ကိုဖြူပြောခဲ့တဲ့ လူ(၁၀)ယောက်ကို ကိုဖြူက ကိုယ်စားလှယ်လွှဲပြီး တိုင်ချက်ဖွင့်ခိုင်း၊ အရေးယူခိုင်းလို့မရဘူး။ ကိုယ်စားလှယ်စာရသူကလည်း ရာဇဝတ်မှုမှာ တရားလိုကိုယ်စား တရားစွဲဆိုလို့မရဘူး။

ကိုဖြူ ။ ။ တရားမမှုမှာ တရားလိုလုပ်တဲ့ သူသေသွားရင် အမှုပိတ်သွားသလားဆရာ။

ယှူတီကေ ။ ။ (က) တရားစွဲဆိုခွင့်ကျန်ရစ်နေရင် တရားလိုသေဆုံးတာကြောင့် အမှုရပ်စဲ၊ ပြီးဆုံးမသွားဘူး။

ဥပမာ(၁)- A က ကျူးကျော်နေသူ ၄အပေါ် နှင်ထုတ်လိုမှုကို တရားလိုအဖြစ် တရားစွဲဆိုထားတယ်။ A သေသွားရင် A ကို ဆက်ခံသူများက တရားဝင် ကိုယ်စားလှယ်အဖြစ်ပါဝင်ပြီး နှင်ထုတ်လိုမှု ဆက်ဆောင်ရွက်နိုင်တယ်။

ဒါပေမဲ့ A သေဆုံးတဲ့နေ့ကစပြီး ရက်ပေါင်း (၉၀)အတွင်းမှာ ဆက်ခံသူတွေက A ရဲ့ တရားဝင်ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ပြုဖို့ တရားရုံးကိုလျှောက်ထားရတယ်။ ရက်ပေါင်း (၉၀)ကျော်ရင် အမှုရပ်စဲပြီး ဆုံးသွားတယ်။

ဥပမာ(၂) - လင် A က မယား X အပေါ် "မယားခေါ်လိုမှု" စွဲဆို ထားတယ်။ လင် A သေသွားတယ်။ တရားစွဲဆိုခွင့် မကျန်တော့ဘူး။ အမှုရပ်စဲပြီးဆုံးသွားတယ်။ ညီဖြစ်သူ B က အကိုA ရဲ့ တရားဝင်ကိုယ်စားလှယ်အဖြစ်ပါဝင်ပြီး A ရဲ့မယား X ကို "ခေါ်လိုမှု" ဆက်ဆောင်ရွက်လို့မရဘူး။ ပြဿနာပေါ်မယ်။

ယှူတီကေ (စိတ်၊ လိပ်၊ ဉ၊ တ)

www.free4readers.com



အချစ် မှုခင်း

# နိုင်ငံတကာ အိမ်ထောင်ရေးဥပဒေနှင့် သမီးရည်းစားအရေးတော်ပုံများ

အချစ်ရှေ့နေ

(၁)

သမီးရည်းစားအရေးတော်ပုံနဲ့ အိမ်ထောင်ရေးဥပဒေတွေကို တစ်ခါတုန်းက အချစ်ဖတ်ဖို့ရေးခဲ့သလို ရေးပါလို့ တိုက်တွန်းလာကြလို့ တစ်ခါတစ်ခါတော့လည်း ရေးဖို့စိတ်ကူးမိတယ်။

- ယောက်ျားတွေဟာ လိမ်တဲ့နေရာမှာ မျက်လှည့်ဆရာပဲ။

- မိန်းမတွေကျတော့ အလိမ်အညာတွေကို ဖော်ထုတ်တဲ့နေရာမှာ အမှုစစ်ပဲ။

- ယောက်ျားတွေဆီမှာ ခပ်များများချမ်းသာတာအချစ်ပဲ။

- မိန်းမတွေဆီမှာ ခပ်များများချမ်းသာတာ မျက်ရည်ပဲ…

(၂)

**သုံးနှစ်အတွင်း လက်ထပ်ဖြစ်မှာပါလို့ ဘောဘီမောင်က ပြောတယ်…**

သရုပ်ဆောင် ဘောဘီမောင်နဲ့တွေ့ဆုံခိုက်မှာ အခုလို မေးခွန်းတချို့ မေးမြန်းခဲ့ပါတယ်…

**မေး - လတ်တလော အနုပညာလှုပ်ရှားမှုတွေ ဘာတွေ လုပ်ဖြစ်နေလဲ…**

ဖြေ - လတ်တလော အနုပညာလှုပ်ရှားမှုတွေဆိုရင်တော့ အန်ကယ်လေး(သရုပ်ဆောင်လှမင်း)နဲ့ ဇာတ်ကားတစ်ကား ရိုက်ကူးနေပါတယ်။ ဗီဒီယိုဇာတ်ကားလေးတွေကတော့ ပုံမှန်လေးရိုက်ကူးရပါတယ်။ ရုပ်ရှင်ဇာတ်ကားကြီးတွေ ရိုက်ဖို့ ပြောထားတာလေးတွေလည်း ရှိပါတယ်။

**မေး - ကိုယ့်ရဲ့ဘဝဇာတ်ကြောင်းကို ရုပ်ရှင်အဖြစ် ရိုက်ကူးမယ်ဆိုတာနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦး…**

ဖြေ - အခုနောက်ပိုင်းမှာက အနုပညာအလုပ်တွေက ဇာတ်ကားတွေဆိုရင်လည်း ကိုယ်တိုင်ထုတ်ရိုက်တာ ပိုကောင်းတယ်ဆိုတော့ ဘောဘီလည်း အမေတို့ကို အိမ်ဆောက်ပေးပြီးသွားရင် ပိုတဲ့ ငွေလေးတွေစုပြီးတော့ ဘောဘီဖြတ်သန်းခဲ့ရတဲ့ ဘဝအကြောင်းလေးကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးဖို့ ရှိပါတယ်။ ဘောဘီတို့က ဝန်ထမ်း မိသားစုကမှ ကြိုးစားပြီး ဒီလို သရုပ်ဆောင်တစ်ယောက်ဖြစ်လာဖို့ ကြားထဲမှာ ကြိုးစားခဲ့ရတဲ့အကြောင်းလေးတွေကို ပုံဖော်ရိုက်ကူးသွားမှာ ဖြစ်ပါတယ်။ အဓိက,ကတော့ ကိုယ်ကလိမ်စရာလည်း မရှိပါဘူး။ ဈေးလည်းရောင်းဖူးတယ်။ တချို့တွေကထင်တာ ဘောဘီက ပိုက်ဆံရှိတယ်ထင်တာ။ မဟုတ်ပါဘူး။ ဘောဘီတို့အဖေက ဝန်ထမ်းဖြစ်တာကြောင့် ရဲခန်းမှာ နေပါတယ်။ ဈေးရောင်းတယ်။ ဝန်ထမ်းမိသားစုတွေရဲ့ ဖြတ်သန်းမှုဘဝတွေ မောင်နမတွေများတော့ အဆင်မပြေမှုတွေကို ရဲဝန်ထမ်းတစ်ဦးရဲ့ သမီးတစ်ယောက်နဲ့ ချပြချင်တာဖြစ်ပါတယ်။

**မေး - ဗီဒီယိုဇာတ်ကားတွေလည်း ရိုက်နေတယ်ဆိုတော့ အနုပညာကြေးရရှိမှုကရော ဘယ်လိုတွေရှိလဲ…**

ဖြေ - အနုပညာကြေးကို လျှော့ပေးရတာတွေလည်း ရှိတယ်။ တစ်ပြားမှ မရတာတွေလည်း ရှိပါတယ်။ ရိုက်ဖြစ်နေတယ်ဆိုတာကတော့ ပရိသတ်တွေကို ချစ်လို့ရိုက်ပေးဖြစ်တာ ဖြစ်ပါတယ်။ ပရိသတ်နဲ့ ကိုယ်က အဆက်ပြတ်နေရင် အဆင်မပြေပါဘူး။ အခုအချိန်မှာ ဘောဘီတို့ ရပ်တည်နေတာက ဇာတ်ကားတွေရိုက်ပြီးတော့ ရပ်တည်နေတာ မဟုတ်ပါဘူး။ နယ်ပွဲတွေမှာ သီချင်းတွေဆိုပြီးရတဲ့ ငွေကြေးတွေ၊ အခြားစီးပွားရေးတွေနဲ့ ရပ်တည်နေရတာ ဖြစ်ပါတယ်။



**မေး - အခုခေတ် Sexy မော်ဒယ်လ်တွေနဲ့ ကိုယ်တွေခေတ်က ရိုက်ခဲ့တုန်းကနဲ့ ဘယ်လိုကွာခြားတာတွေ ရှိလဲ…**

ဖြေ - ဘောဘီတို့ ဒီလိုတွေရိုက်တုန်းက အခုခေတ်လို ဆီလီကွန်တွေ၊ ဘာတွေမရှိဘူး။ သဘာဝအတိုင်းတွေနဲ့ ရင်ညွန့်လောက်လေးကိုပဲ ဖော်ပြီးတော့ ရိုက်တာဖြစ်ပါတယ်။ အခုခေတ်မှာကျတော့ ဆီလီကွန်အလုံးလိုက်ကြီးတွေထည့်ပြီးတော့ ဆီလီကွန်တောင်မှ ဆိုဒ်တွေခွဲပြီး အကြီးဆုံးဆိုဒ်တွေကိုထည့်ပြီးတော့ ရင်သားအလုံးလိုက်တွေ ဖော်ပြီးရိုက်တာတွေကိုကြည့်ပြီး သူ့တို့အစား ရင်လည်းလေးပါတယ်။ ကြည့်ရတာလည်း အဆင်မပြေပါဘူး။ ပရိသတ်ဆိုတာက ဒါမျိုးကို ကြိုက်တဲ့သူရှိသလို မကြိုက်တဲ့သူလည်း ရှိပါတယ်။ Sexy ဆိုတာ လုပ်လို့ရပါတယ်။ ရင်ညွန့်လောက်ဖော်ပြီးတော့ ရိုက်တာ ကြည့်လို့ကောင်းပါတယ်။ အခုလုပ်နေကြတာက ဘော်လီတောင်မဝတ်ကြတော့ပါဘူး။ ဘော်လီမဝတ်ရင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု မရှိပါဘူး။ ကိုယ်အခုလိုပြောနေတော့ အချို့တွေကလည်း နင်လည်း အရင်တုန်းက ဒါမျိုးရိုက်ခဲ့တာပဲဆိုပြီး ဆဲကြတာတွေလည်း ရှိပါတယ်။ ဆဲကြပါ။ ကိုယ်လုပ်ခဲ့တဲ့အမှားကို ဝေဖန်လို့ ရပါတယ်။ မရိုက်ဖြစ်တော့ပါဘူးလို့ ပြောချင်ပါတယ်။

**မေး - အချစ်ရေးကရော ဘယ်လိုရှိလဲ၊ တစ်ဘဝလုံးစာရည်ရွယ်ထားတာဆိုတော့ ဘယ်တော့လောက် လက်ထပ်ဖြစ်မလဲ…**

ဖြေ - ချစ်သူက ဘောဘီ့ထက် (၄)နှစ်လောက်ငယ်ပါတယ်။ သူကအသက်ငယ်ပေမဲ့ ကိုယ့်ကိုချစ်တယ်။ ရိုးသေတယ်။ သစ္စာရှိတဲ့ ချစ်သူမျိုး ဖြစ်ပါတယ်။ ကိုယ်လည်း ချစ်သူက စိတ်ချမ်းသာအောင်ထားတာကြောင့် ကိုယ်လည်း စိတ်ချမ်းသာရပါတယ်။ သစ္စာရှိတဲ့ အမျိုးသားကို ရတာကြောင့် ကျေနပ်တယ်။ စိတ်ချမ်းသာတယ်။ လောလောဆယ်ကတော့ သူလည်း အခွေထုတ်ဖို့ ကိစ္စတွေရှိသေးတယ်။ လက်ထပ်ဖို့ကတော့ နောက်နှစ်နှစ်အတွင်း ဒါမှမဟုတ် အလွန်ဆုံးသုံးနှစ်အတွင်း လက်ထပ်ဖြစ်မှာပါလို့ ဒီမိုကရေစီထဲမှာ ပြောပြတာပါ။







(၃)

**မဂင်္ဂလာနှစ်တွေမှာပဲ မွေးနေ့ကျင်းပလေ့ရှိပြီး စစ်သားကြီးဖြစ်ချင်တဲ့ (၇)နှစ်ပြည့် ရွှေပိုင်**

ဖေဖေ အဆိုတော်ဇော်ပိုင်နဲ့ မေမေ မိမိနေမင်းဝင်းတို့ရဲ့ တစ်ဦးတည်းသောသားလေး ရွှေပိုင်ရဲ့ (၇)နှစ်ပြည့် မွေးနေ့မင်္ဂလာကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီအချိန်က အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာနာပြုတက္ကသိုလ်မှာ ပြုလုပ်ကျင်းပခဲ့တာ တွေ့ရပါတယ်။ ပါမောက္ခချုပ် ဆရာတော်ဘုရားကြီးရဲ့ ဆုံးမဩဝါဒ မွေးနေ့တရားနာအပြီး မွေးနေ့ရှင်နဲ့ မိသားစုက သံဃာတော်များကို ဆွမ်းများဆပ်ကပ်လှူဒါန်းခဲ့တာ တွေ့ရပါတယ်။ (၇)နှစ်ပြည့်မွေးနေ့ရှင် သားလေးနဲ့ ပတ်သက်ပြီး "မွေးနေ့အမှတ်တရအဖြစ် ဘုရား၊ တရား၊ သံဃာဆိုတဲ့ ကြီးမြတ်တဲ့ ဂုဏ်ဒြပ်တွေဖြစ်တဲ့ ဒီနေ့ မနက်အစောကြီး ရွှေတိဂုံဘုရားသွားဖူးခဲ့ပါတယ်။ ပြီးတော့ တရားအနေနဲ့ ပါချုပ်ဆရာတော်ဘုရားကြီးရဲ့ တရားတော်ကို ကြားနာခဲ့ရပါတယ်။ သံဃာအနေနဲ့ကတော့ ဗုဒ္ဓတက္ကသိုလ်မှာရှိတဲ့ သံဃာတော်တွေကို ဆွမ်းဆပ်ကပ်လှူဒါန်းခဲ့ပါတယ်။ သားလေးကို ဘဝတစ်လျှောက်လုံး ဘုရား၊ တရား၊ သံဃာကို သိတတ်တဲ့ မြတ်နိုးတန်ဖိုးထားတဲ့ သားကောင်းသားမြတ်လေး ဖြစ်စေချင်ပါတယ်"လို့ ဖေဖေဇော်ပိုင်က ဆိုခဲ့သလို -

"သားလေးကို အသိပညာ၊ ဉာဏ်ပညာကြီးမားပြီး အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်တဲ့ ကောင်းမွန်တဲ့ အရာကိုပဲ

စာမျက်နှာ(၂၀)သို့



www.free4readers.com





➤➤➤စာမျက်နှာ(၁၉)မှအဆက်

ဆောင်ရွက်နိုင်တဲ့ သားလေးဖြစ်ပါစေလို့" မေမေ မိမိနေမင်းဝင်းက ဆုတောင်းပေးခဲ့တာ တွေ့ရပါတယ်။

မွေးနေ့ရှင် ရွှေပိုင်လေးကလည်း ဖေဖေနဲ့မေမေကို သားအရမ်းချစ်ပါတယ်ခင်ဗျာ။ ဖေဖေနဲ့မေမေက သားမွေးနေ့မှာ သားအတွက် အလှူလုပ်ပေးကြတယ်။ ဆုလည်းတောင်းပေးကြတယ်။ ပြီးတော့ သားကို အရုပ်တွေလည်း ပေးကြတယ်။ သားသားကြီးလာရင်လား…စစ်သားကြီးဖြစ်ချင်ပါတယ်ခင်ဗျာ။

လူတွေကို ကယ်တင်ချင်လို့ပါ။ သားက မင်းသားလည်း မလုပ်ချင်ပါဘူး။ ဖေဖေ့လို အဆိုတော်လည်း မလုပ်ချင်ပါဘူးခင်ဗျာ"လို့ ချစ်စဖွယ်ဆိုခဲ့ပါတယ်။

"သားရဲ့ထူးခြားချက်ကတော့ ကိုယ်ဝန်ဆောင်တဲ့အချိန်ကတည်းက စပြီး ဘဝမှာ အမြဲတမ်းအေးချမ်းခဲ့ရတယ်။ တစ်သက်လုံး အလုပ်တွေလုပ်လာတဲ့မိခင်က သူ့ကိုယ်ဝန်မှာ နားမယ့်ရက်တွေလည်း အဆင်ပြေခဲ့တယ်။ အခုအရွယ်မှာလည်း သားလေးကို လိမ္မာယဉ်ကျေးလို့ဆိုပြီး လူတွေက ပြောကြတော့ မိခင်တစ်ယောက်အနေနဲ့ တအားဝမ်းသာမိပါတယ်။ သူစကားပြောတတ်ခါစက ဘယ်လိုလေးတွေ ပြောရမယ်ဆိုပြီး သူ့ကိုသင်ခဲ့ဖူးပါတယ်။ တစ်ခါနှစ်ခါပဲ သင်ပေးရပါတယ်။ နောက်ပိုင်း သူ့ဟာသူပဲ ယဉ်ယဉ်ကျေးကျေးလေး ပြောဆိုနေထိုင်တတ်သွားပါတယ်"လို့ သားလေးရဲ့ ယဉ်ကျေးပျူငှာစွာ ပြောဆိုတတ်ပုံလေးကို မိခင်ဖြစ်သူက ကြည်နူးစွာ ပြောပြခဲ့ပါတယ်။

"တရားချီးမြှင့်ပေးတဲ့ ဆရာတော်နှင့်တကွ ကြွရောက်အားပေးလာကြတဲ့ မိတ်ဆွေအပေါင်းအသင်းတွေ၊ မီဒီယာတွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်လို့" ဖေဖေဇော်ပိုင်ကလည်း ကျေးဇူးတင်စကားဆိုခဲ့ပါတယ်။ ထူးခြားမှုအနေနဲ့ သားငယ်လေးရွှေပိုင်က သူ့ရဲ့မွေးနေ့တွေကို တစ်နှစ်ပြည့်မွေးနေ့ သုံးနှစ်ပြည့်မွေးနေ့၊ ငါးနှစ်ပြည့်မွေးနေ့နဲ့ အခု ခုနစ်နှစ်ပြည့်မွေးနေ့ဆိုပြီး မဂဏန်းကျတဲ့ မွေးနေ့တွေမှာသာ မွေးနေ့ကျင်းပခဲ့တာကိုလည်း ထူးဆန်းစွာ တွေ့မြင်ခဲ့ရပါတယ်။ ချစ်စရာကောင်းတဲ့ ရွှေပိုင်လေးရဲ့ ဒီနှစ်မွေးနေ့ကစတင်ပြီး ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးထမ်းရွက်နိုင်တဲ့ အမျိုးဘာသာသာသနာကို စောင့်ရှောက်နိုင်တဲ့ သားကောင်းသားမြတ်လေး ဖြစ်ပါစေကြောင်း အိုအေစစ်ဂျာနယ် မိသားစုမှ ဆုမွန်ကောင်းတောင်းထားလေးကို အိုအေစစ်ထဲမှာ ဖတ်လိုက်ရပါတယ်။

(၄)

**တယ်ယန်းနှင့် ဖေဖော်ဝါရီလအတွင်း လက်ထပ်တော့မည့် မင်းဟိုရင်**

ဖျော်ဖြေရေးမီဒီယာ Star News က BIGBANG အဖွဲ့ဝင်နှင့် မင်းမသီး ဟိုရင်တို့သည် မကြာမီ လက်ထပ်တော့မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

၎င်းတို့နှစ်ဦး၏ အေဂျင်စီများကလည်း မကြာမီပြုလုပ်တော့မည့် ယင်းမင်္ဂလာပွဲသတင်းနှင့်ပတ်သက်၍ အတည်ပြုခဲ့ကြသည်။ ၎င်းတို့အေဂျင်စီများက "သူတို့ဟာ လာမယ့်နှစ် ဖေဖော်ဝါရီလမှာ လက်ထပ်တော့မယ်ဆိုတာ အမှန်ပဲဖြစ်ပါတယ်။ အလျင်စလို လုပ်လိုက်တဲ့ လက်ထပ်ပွဲတော့ မဟုတ်ပါဘူး"ဟု ပြောကြားခဲ့ကြသည်။

သတင်းအရင်းအမြစ်တစ်ခုက "တယ်ယန်းနဲ့ မင်းဟိုရင်တို့ဟာ လာမယ့်နှစ်အစောပိုင်းမှာ လက်ထပ်ဖို့ ပြင်ဆင်နေကြပါပြီ။ ဖေဖော်ဝါရီလလို့ စီစဉ်ထားပါတယ်။ ထယ်ယန်းစစ်မှုမထမ်းခင်မှာ လက်ထပ်ဖို့ ပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့သည်။ ၎င်းတို့နှစ်ဦးသည် ၂၀၁၅ ခုနှစ် မေလတွင် အချစ်ရေးသတင်းကို ကြေညာခဲ့ချိန်၌ ချစ်သူသက်တမ်း သုံးနှစ်ရှိပြီဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် မွေးဖွားခဲ့သည့် ထယ်ယန်းသည် မကြာမီ စစ်မှုတာဝန်ထမ်းဆောင်ရတော့မည်ဖြစ်သည်။ သတင်းတစ်ခု၏ အဆိုအရ ၎င်းတို့နှစ်ဦးသည် စစ်မှုမထမ်းမီ လက်ထပ်လိုကြောင်း သိရသည်။ ထယ်ယန်းသည် မကြာသေးမီကပင် အလုပ်ကိစ္စဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ခရီးသွားခဲ့သော မင်းဟိုရင်နှင့်အတူ လိုက်ပါသွားခဲ့သည်။

(၅)

**ချားလ်နှင့် ဒိုင်ယာနာတို့၏ မရိုးနိုင်သော အိမ်ထောင်ရေးပုံပြင်**

ဗြိတိန်နန်းလျာမင်းသား ချားလ်နှင့် မင်းသမီးဒိုင်ယာနာတို့၏ အိမ်ထောင်ပြိုကွဲမှုဇာတ်လမ်းသည် ၁၀ စုနှစ်များကြာလာသည့်တိုင် ရိုးသွားခြင်းမရှိဘဲ လူတို့နှုတ်ဖျားတွင် မကြာခဏပြောဆိုနေဆဲ ဖြစ်သည်။ တော်ဝင်စုံတွဲနှင့် နီးစပ်သော အသိုင်းအဝိုင်းတွင် ၎င်းတို့အကြောင်း ပြောဆိုသံများ မကြာသေးမီက ပြန်လည်ထွက်ပေါ်လာခဲ့သည်။

ချားလ်နှင့် ဒိုင်ယာနာတို့၏ အိမ်ထောင်ရေးတွင် လှိုင်းလေထန်နေခဲ့သည်မှာ အတော်စောစောပိုင်းကပင်ဖြစ်ကြောင်း နန်းတွင်းသူ၊ နန်းတွင်းသားတို့ ရိပ်စားမိခဲ့သော်လည်း ပြည်သူအများစု မသိရှိခဲ့ကြပေ။ တော်ဝင်ဇနီးမောင်နှံ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြသည်မှာ ၁၉၉၆ ခုနှစ်တွင် ဖြစ်သော်လည်း၊ ၎င်းတို့၏သံယောဇဉ်ကြိုးမှာမူ ထို့ထက် ၁၂ နှစ်စော၍ ပြတ်တောက်ခဲ့ကြပြီးဖြစ်သည်။ တနည်းအားဖြင့်ဆိုရလျှင် မင်းသားငယ် ဟယ်ရီမွေးဖွားချိန်ကပင် ချားလ်နှင့် ဒိုင်ယာနာတို့ ရေစက်ကုန်သွားကြသည်ဟုဆိုနိုင်သည်။

မင်းသမီးဒိုင်ယာနာ အနေဖြင့် မိမိတို့အိမ်ထောင်ရေး ဆက်လက်မခိုင်မြဲနိုင်တော့မှန်း ၁၉၈၄ ခုနှစ် သားငယ် ဟယ်ရီ မွေးဖွားပြီးစ၌ ပြက်ပြက်ထင်ထင် သိလိုက်ရသည်။ ထိုးမွေးနန်းမွေးဆက်ခံမည့် သားနှစ်ပါးမွေးဖွားပေးပြီးပြီဖြစ်သဖြင့် မိမိတာဝန်ပြီးဆုံးပြီဟု ချားလ်က ဒိုင်ယာနာအား ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုလိုက်သဖြင့် ဟယ်ရီမွေးပြီးစတစ်ညတွင် ဒိုင်ယာနာ ငိုခဲ့ရသည်။ ဤအကြောင်းကို ဒိုင်ယာနာ မင်းသမီးက သူမ ခင်မင်ယုံကြည်သော နန်းတွင်းသဏ္ဍာစိုး ပေါ့ဘာရယ်အား ဖွင့်ဟပြောပြခဲ့သည်။

အသွင်မတူသော ချားလ်နှင့် ဒိုင်ယာတို့သည် မည်သို့မျှမလိုက်ဖက်သော စုံတွဲဖြစ်သည်ဟု ရင်းနှီးသူအတော်များများက မှတ်ချက်ချကြသည်။ မလိုက်ဖတ်တကာ့ မလိုက်ဖက်ဆုံးစုံတွဲတစ်တွဲဖြစ်သည်ဟုပင် အချို့က ဆိုကြသည်။ ချစ်သူကာမီလာအပေါ် ချားလ်သံယောဇဉ် အလွန်ကြီးကြောင်း မိမိနှင့်လက်ထပ်ပြီးနောက်ပိုင်းတွင်လည်း ချားလ်၏ စိတ်အစဉ်သည် ကာမီလာထံတွင်သာ ရှိနေမြဲဖြစ်သည်ကို ဒိုင်နာနာကောင်းစွာသိရှိသည်။ ကာမီလာကိစ္စသည် သူတို့အိမ်ထောင်ရေးတွင် ကြီးမားသော ဆူးတစ်ချောင်းဖြစ်ခဲ့သည်။

၁၉၉၂ ခုနှစ် နိုဝင်ဘာလမှစ၍ နှစ်ဦးခွဲခွာနေထိုင်ခဲ့ကြသည်။ ယင်းကာလတွင် ပြုလုပ်သော BBC နှင့် တွေ့ဆုံမေးမြန်းခန်း၌ မင်းသမီးဒိုင်ယာနာက "မိမိတို့အိမ်ထောင်ရေးတွင် ချားလ်နှင့် မိမိအပြင် ကာမီလာလည်း ပါဝင်နေရာ လူနှစ်ဦး၏ အိမ်ထောင်မဟုတ်ဘဲ လူသုံးဦးပါဝင်သော သုံးပွင့်ဆိုင်အိမ်ထောင်ဖြစ်နေသည်"ဟု ဖြေဆိုခဲ့လေသည်

(၆)

**ချစ်သူသစ်နဲ့တွဲနေတဲ့ ဘရွတ်ကလင်ဘက်ခမ်း**

ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘက်ခမ်းနဲ့ ဖက်ရှင်ဒီဇိုင်နာဗစ်တိုးရီးယား ဘက်ခမ်းတို့ရဲ့သား အသက် ၁၉ နှစ်အရွယ် တက်သစ်စဓာတ်ပုံဆရာလေး ဘရွတ်ကလင်ဘက်ခမ်းဟာ ချစ်သူသစ် ဟာနာရော့နဲ့ တရားဝင်တွဲနေပြီဖြစ်ပါတယ်။ သူတို့စုံတွဲဟာ ခုသီတင်းပတ်ထဲမှာ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တော်မှာ ကျင်းပတဲ့ အခမ်းအနားတစ်ခုကို ဒေးဗစ်ဘက်ခမ်း ဇနီးမောင်နှံနဲ့အတူ တွဲပြီး တက်ရောက်ခဲ့ပါတယ်။

ချစ်သူသစ် ဟာနာခရော့ဟာ နာမည်ကြီး မော်ဒယ်တစ်ယောက်ပါ။ သူမဟာ အခုလတ်တလောမှာSelect Model Mangement ကုမ္ပဏီအမေရိကန် အေဂျင်စီ The Lions၊ ပြင်သစ်အေ ဂျင်စီ Preme mium Models ဆိုတဲ့ ကုမ္ပဏီသုံးခုနဲ့ စာချုပ်ချုပ်ဆိုထားပါတယ်။

ဘရွတ်ကလင်ဘက်ခမ်းဟာ ချစ်သူဟောင်း လေးယောက်နဲ့ လမ်းခွဲပြီးပါပြီ။ ပထမဦးဆုံးချစ်သူလို့ ယူဆရတဲ့ Chloe Grace Moretz နဲ့ အတော်ကြာကြာ တွဲခဲ့ပြီးနောက်မှာ You Tube အဆိုတော် Lexy Panterra နဲ့ နှစ်လလောက်တွဲခဲ့ပြန်ပါတယ်။ အဲဒီနောက် ၂၀၁၈ ခုနှစ် ဩဂုတ်လထဲမှာ Abi Man zoni နဲ့ တွဲခဲ့တဲ့အပြင် Zlex Lee Aillon နဲ့လည်း တွဲခဲ့ပါသေးတယ်။

(၇)

**ဘီယွန်းဆေးဖျော်ဖြေမယ့် ဘေးလ်မင်္ဂလာဆောင်**

ချစ်ရသူ အမ်မာရိုင်ဂျိုးစ်နဲ့ လက်ထပ်ဖို့ စီစဉ်ထားပြီးဖြစ်သူ ရီးရဲလ်မက်ဒရစ်တောင်ပံကစားသမား ဂါရတ်ဘေးလ်ဟာ သူ့မင်္ဂလာဆောင်ကျရင် အမေရိကန်အဆိုတော် ဘီယွန်းဆေးကို ငှားရမ်းခေါ်ယူပြီး ညှော့ပရိသတ်များကို ဖျော်ဖြေပေးမှာပါတဲ့။

"ဘေးလ်ရဲ့မိသားစုတွေက ဘီယွန်းဆေးရဲ့ ကိုယ်စားလှယ်တွေနဲ့ တွေ့ပြီး ဖြစ်နိုင်မလားလို့ ဆွေးနွေးနေကြပါပြီ"လို့ သူတို့မိသားစုနဲ့ နီးစပ်သူတစ်ဦးကUS Weekly မဂ္ဂဇင်းထံ ပြောပြခဲ့ပါတယ်။ ဝေးလ်လက်ရွေးစင်နဲ့ အမ်မာဂျိုးစ်တို့ဟာ ဝေးလ်နိုင်ငံ၊ ကာဒစ်ဖ်မြို့မှာ ကာဒစ်ဖ်မြို့မှာ ဆုံတွေ့ခဲ့ကြတာဖြစ်ပြီး အဲဒီတုန်းကတော့ ဆယ်ကျော်သက်ဘဝပဲ ရှိသေးပေမဲ့ အခုအခါမှာတော့ သမီးကြီး အဲလ်ဘာက(၅)နှစ်၊ သမီးငယ် နာဗာက လ(၂၀)အရွယ်တောင် ရောက်နေကြကာ မိသားစုလေးတစ်ခု ဖြစ်တည်နေပါပြီ။

အမှန်တော့ အရင်နှစ်တွေတည်းက










လက်ထပ်ဖို့ ဖြစ်ပေမဲ့ အမ်မာရဲ့ဖခင် ငွေအရှုပ်အရှင်းကိစ္စကြောင့် ထောင်ကျသွားတာမို့ ရွှေ့ဆိုင်းခဲ့ရတာပါ။ ထောင်ခြောက်နှစ်ကျခဲ့တဲ့ မာတင်ရိုင်ဂျိုးစ်ဟာ အဲထဲမှာ အနေအထိုင်မှန်ကန်လို့ဆိုပြီး ပြီးခဲ့တဲ့ဇွန်လက ပြန်လွှတ်လာခဲ့ပါပြီ။

"ကဲ…ဒီအပတ်တော့ ဒီမျှနဲ့ နားပါရစေ၊ မှုခင်းသတင်းဖတ်သူတိုင်း အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေကြပါစေ…."

အချစ်ရှေ့နေ

❖ ❖ ❖

www.free4readers.com





# နမ္မတီးမြို့ရှိ စစ်ဘေးရှောင် ဒုက္ခသည်များအား အကယ်ဒမီနေတိုး သွားရောက်တွေ့ဆုံအားပေး

ကချင်ပြည်နယ် မိုးကောင်းမြို့ရှိ ရောရုပ်ရှင်ရုံသစ်ဖွင့်ပွဲသို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကိုယ်စား အကယ်ဒမီ နေတိုးက မေ ၁ ရက်တွင် တက်ရောက် ဖွင့်လှစ်ပေးခဲ့ပြီး ကချင်ပြည်နယ် နမ္မတီးမြို့ ရှိ စစ်ဘေးရှောင်စခန်းနှစ်ခုမှ ဒုက္ခသည် များကိုလည်း သွားရောက်တွေ့ဆုံ၍ အား ပေးခဲ့ကြောင်း သိရသည်။

"အခုလို ရုပ်ရှင်ရုံတွေ နည်းပါးနေ တဲ့နေရာမျိုးမှာ ရုပ်ရှင်ရုံအသစ်တွေ ထပ်မံ ပေါ်ထွက်လာတာက အရမ်းဝမ်းသာစရာ ကောင်းပါတယ်။ ကျွန်တော်တို့လို အနု ပညာရှင်တွေအတွက်လည်း ဒီလိုရုပ်ရှင်ရုံ ရှားပါးတဲ့ နေရာမျိုးတွေမှာ ရုပ်ရှင်ရုံတွေရှိမှ သာလျှင် ကျွန်တော်တို့နဲ့ ပရိသတ်လည်း အမြဲထိတွေ့နိုင်မှာ ဖြစ်ပါတယ်။ တချို့မြို့ နယ်တွေမှာဆိုရင် ရုပ်ရှင်ရုံမရှိသေးတာတွေ လည်း တွေ့ရတယ်။

# ဝတ်မှုံရွှေရည် အာရှနိုင်ငံများအထိ သွားရောက်ပြမည့် ရုပ်ရှင်ဇာတ်ကားအတွက် ဘာကြောင့် ရင်ခုန်နေသလဲဆိုတာ ပြောပြီ



မြန်မာနိုင်ငံကနေ ပထမဆုံးအဖြစ် လိပ်ပြာစံအိမ် (THE ONLY MOM) ရုပ်ရှင်ကားကြီးကို အာရှနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဟောင်ကောင်၊ ဂျပန်၊ ဗီယက်နမ်၊ လာအို၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ထိုင်ဝမ်များအထိ သွားရောက် ပြသမည်ဖြစ်သည်။

လိပ်ပြာစံအိမ်ထဲက သရုပ်ဆောင် ပိုင်းနှင့်ပတ်သက်ပြီး ဝတ်မှုံရွှေရည်က "အ တွေ့အကြုံတွေကတော့ အများကြီးရတယ်။ ကစ်တို့ အဲဒီကားရိုက်နေတုန်းကဆိုရင် နားနေတဲ့အချိန်ဆို အိမ်အပေါ်ထပ်ကို ဘယ်သူမှ မတက်ရဲဘူး။ မင်းသားမင်းသမီး တွေ၊ ကလေးသရုပ်ဆောင်တွေ နားနေဖို့ဆို ပြီး အခန်းတစ်ခန်းပေးထားတာရှိတယ်။ ကားရိုက်နားချိန်ဆို ကစ်တို့အားလုံး အဲဒီ အခန်းထဲမှာပဲ ပြုံပြီးနေကြတယ်။ ဘယ်သူ မှ မသွားကြဘူး။ တခြားအခန်းကိုလည်း မသွားဘူး။ အိမ်သာသွားရင်လည်း လေးငါး ယောက်လောက်စုပြီးမှ အကုန်ပြုံပြီး သွား ကြတယ်။ တကယ့်ကို အမှတ်တရပါ။ ရိုက် နေရင်းနဲ့ကို စိတ်လှုပ်ရှားစရာကောင်းပါ တယ်။ စိတ်လှုပ်ရှားစရာ အဖြစ်အပျက်တွေ လည်း ဒီကားရိုက်ရင်းနဲ့ ကြုံရတာဆိုတော့ အမှတ်တရတွေ အများကြီးဖြစ်သွားတာ ပေါ့။ အဲဒီအိမ်ကြီးရဲ့ သက်တမ်းကိုက နှစ်ပေါင်း တစ်ရာကျော်နေပြီဆိုတော့ အဲဒီ အငွေ့အသက်တွေကိုက စိတ်လှုပ်ရှားစရာ ကောင်းတာ"ဟု အကယ်ဒမီ ဝတ်မှုံရွှေရည် က ပြောသည်။

အဆိုပါဇာတ်ကားမှာ ပရလောကနှင့် သတ္တလောကအကြား မိဘနှင့် မေတ္တာ တရားကို စိတ်ဝင်စားဖွယ် တင်ဆက်ထား သည့် သည်းထိတ်ရင်ဖိုအမျိုးအစား ဇာတ် ကားဖြစ်ကြောင်း သိရသည်။

ကိုယ်တိုင်ပြန်ကြည့်ချိန်မှာတောင် ကြောက်စရာအလွန်ကောင်းပြီး ပရိသတ် တွေကြည့်ရင်လည်း ကျေနပ်အားရမှု ရှိ မယ်ဆိုတာ ယုံကြည်တယ်။ ဒီကားက သည်းထိတ်ရင်ဖိုအမျိုးအစားဆိုတော့ ပရိ သတ်တွေကြည့်ရင် ကြောက်ပါ့မလားလို့ စိတ်ပူမိတယ်။ အခုကစ်တို့ ညှိသည်တွေနဲ့ အတူတူကြည့်ကြတဲ့အခါ လာကြည့်တဲ့သူ တွေက ကြောက်တယ်ဆိုတော့ ကစ် စိတ် မပူတော့ဘူး။ မကြောက်မှာကို မစိုးရိမ် တော့ပါဘူး။ ကစ် တကယ်ဝါသနာပါပြီး တကယ်လုပ်ရမယ့် အလုပ်တစ်ခုကို မကျေနပ်မချင်း အကောင်းဆုံးလုပ်ခဲ့ရတယ်။ အဲဒီအတွက် ကျေနပ်ပါတယ်။ အဓိက ကတော့ ဒီဇာတ်ကားထဲက မေနှင်းဆိုတဲ့ ဇာတ်ကောင်ရဲ့ စေခိုင်းတာကိုပဲ သွားတာ ပေါ့နော်။ ပြီးတော့ ဒါရိုက်တာက ဘယ်လို တွေလိုချင်လဲဆိုတာကို ဒါရိုက်တာဖြစ်စေ ချင်တဲ့အတိုင်း၊ ဖြစ်စေချင်တဲ့ ကာရိုက်တာ ဖြစ်အောင် သရုပ်ဆောင်ခဲ့တယ်ဆိုတော့ ဒီကားကို ကိုယ်တိုင်ပြန်ကြည့်တဲ့အခါမှာ ကျေနပ်ပါတယ်။ ဒါပေမဲ့ ကစ် ကျေနပ်တာ ထက် ရုပ်ရှင်ကြည့်ပရိသတ်တွေ ကျေနပ်ဖို့ က ပိုပြီး အရေးကြီးပါတယ်။ ပြီးတော့ ပရိသတ်တွေဆီက ပြန်လာမယ့် တုံ့ပြန်မှု ကိုလည်း ကစ် ပြန်နားထောင်ပြီး ရင်ခုန် ချင်ပါတယ်"ဟု ပြောသည်။

❖ ❖ ❖

မောင် ယဉ် ကျော် ရဲ့ သ တင်း ထ မင်း ဝိုင်း မှ အ ဆက်

# ဒါရိုက်တာ ခရစ္စတီးနားခ်ီကို ဗုဒ္ဓဘာသာဟုတ်တယ်မဟုတ်ဘူး အငြင်းပွားနေကြလို့ သက်သေခံသတင်းဖော်ပြလိုက်တာပါ





ဥပါယ်တံမျဉ် ရုပ်ရှင်ဇာတ်ကားနဲ့ ပရိသတ်အားပေးမှုအများဆုံးရရှိခဲ့တဲ့ ဒါရိုက်တာ ခရစ္စတီးနားခ်ီဟာ ဇာတ်ကား မရိုက်ခင်မှာ အဓိဋ္ဌာန်ဝင်ခဲ့တဲ့အတိုင်း သာ သနာ့ဘောင်ကို မယ်သီလရှင် ဝရဥာဏီ အဖြစ် သုံးရက်တာ ခိုလှုံခဲ့တာ တွေ့ရပါ တယ်။ ခရစ္စတီးနားခ်ီရဲ့ သာသနာ့ဘောင် ခိုလှုံမှုကို ဥပါယ်တံမျဉ် ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ခင်ပွန်းဖြစ်သူ ဇဏ်ခီနဲ့ သရုပ်ဆောင် သက်မွန်မြင့်တို့ လာရောက် ပိုင်းဝန်းပေးခဲ့ပြီး မော်ဘီမြို့နယ်၊ အောင်ဇမ္ဗူတောရ ကျောင်းတိုက်မှာ သုံးရက်တာ သီလရှင်အဖြစ် ခံယူခဲ့တာ ဖြစ်ပါတယ်။ သာသနာ့ဘောင် ဝင်ရောက်ခဲ့ မှုနဲ့ပတ်သက်ပြီး ဒါရိုက်တာ ခရစ္စတီးနားခ်ီ က "ဥပါယ်တံမျဉ် မတင်ခင်မှာ အဓိဋ္ဌာန် ထားတာရှိပါတယ်။ ဇာတ်ကားအောင်မြင်ရင် မယ်သီလရှင်ခဏသွားဝတ်မယ်လို့ ကြို တွေးခဲ့တာပါ။ အောင်ဇမ္ဗူတောရ ကျောင်း တိုက်မှာ ဝတ်ဖြစ်တာက သက်မွန်ရဲ့ တိုက် တွန်းမှုနဲ့ ဖြစ်ပါတယ်။ ပြီးတော့ ဘုန်းဘုန်း ရဲ့ကျောင်းကိုလည်း တစ်ခါရောက်ဖူးတယ်။ ဂျပန်ဘုရားတွေကိုလည်း သတိရဖြစ်ပြီး အောင်ဇမ္ဗူတောရကျောင်းမှာ ဝတ်ခဲ့တာပါ" လို့ ပြောသွားခဲ့ပါတယ်။ ခရစ္စတီးနားခ်ီရဲ့ နောက်ထပ်လက်ရာဖြစ်တဲ့ "မှုံြာရဲ့ခေါ်သံ" ရုပ်ရှင်ဇာတ်ကားကို လာမယ့် မတ်လ ၁၆ ရက်နေ့ကနေ စတင်ပြီး ပြသွားဖို့ ရှိနေပြီး ဥပါတံမျဉ်ကို အားပေးခဲ့သလိုမျိုး "မှုံြာရဲ့ ခေါ်သံ"ကို အားပေးဖို့ ခရစ္စတီးနားခ်ီက ပရိသတ်တွေကို ဖိတ်ခေါ်ထားပါတယ်။

# အှုဝဲအပေါ်ထားတဲ့မေတ္တာတွေကို အှုဝဲအသည်းထဲက ကျေးဇူးတင်နေပါတယ် ပရိသတ်ကြီးရဲ့ မေတ္တာတရားကြောင့် Pride of Myanmar 2018 တွင် ဖျော်ဖြေရေးကဏ္ဍဆုရတာပါတဲ့

မြန်မာနိုင်ငံအတွင်းရှိ နယ်ပယ်စုံမှ ထူးချွန်သူများကို ပထမဆုံးအကြိမ်အဖြစ် ပေးအပ်ချီးမြှင့်သည့် Pride of Myanmar 2018 တွင် ဖျော်ဖြေရေးကဏ္ဍဆု ရရှိသည့် အိန္ဒြာကျော်ဇင်က အဆိုပါဆုမှာ ပရိသတ်၏ မေတ္တာတရားကြောင့်သာ ရရှိ ခြင်းဖြစ်ကြောင်း ဆိုသည်။



မြန်မာနိုင်ငံအတွင်းရှိ နယ်ပယ်စုံမှ ထူးချွန်သူများကို ပထမအကြိမ်အဖြစ် Pride of Myanmar 2018 ခေါင်းစဉ်ဖြင့် ပြည်တွင်း၌ သာမက နိုင်ငံတကာအဆင့် တွင်ပါ မြန်မာကို ကမ္ဘာကသိအောင် ထူး ခြားပြောင်မြောက်စွာ ဆောင်ရွက်နိုင်သူများ ကို ပေးအပ်ခြင်းဖြစ်ကြောင်း သိရ၏။

အဆိုပါပွဲ၌ အနုပညာနှင့် စာပေ ကဏ္ဍတွင် Performance artist မိုးစက် က လည်းကောင်း၊ လူမှုဆက်ဆံရေးနှင့် လူထုရေးရာကဏ္ဍတွင် ပရဟိတသမားနှင့် လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် Joshua ချစ် ထွန်းက လည်းကောင်း၊ စီးပွားရေးစွန့်ဦးတီ ထွင်ဆန်းသစ်မှုကဏ္ဍတွင် Rangoon Tea House ၏ ပွဲကိုင်ရှင် ကိုထက်မြတ် ဦးက လည်းကောင်း၊ ဖျော်ဖြေရေးကဏ္ဍ တွင် အကယ်ဒမီအိန္ဒြာကျော်ဇင်က လည်း ကောင်း၊ ဖက်ရှင် ကဏ္ဍတွင် သရုပ်ဆောင် မော်ဒယ် မေမြတ်နိုးက လည်းကောင်း၊ အားကစားကဏ္ဍတွင် ဘောလုံးသမား အောင်သူက လည်းကောင်း၊ လူမှုမီဒီယာ တွင် တစ်နှစ်တာအတွင်း လွှမ်းမိုးထားနိုင်သူ များကဏ္ဍတွင် Beauty blogger နေခြည် ဦးက လည်းကောင်း၊ ဘဝတစ်သက်တာ အောင်မြင်မှုကဏ္ဍတွင် ပန်းချီဆရာကြီး ဦးလွန်းကြွယ်က လည်းကောင်း ဆွတ်ခူး ရရှိခဲ့ကြောင်း သိရသည်။

"ဒီဆုပေးအပ်ပွဲကနေ အှုဝဲကို ပေး အပ်ချီးမြှင့်တဲ့ဆုကတော့ ဖျော်ဖြေတင်ဆက် မှုပိုင်းဆိုပြီး သိရပါတယ်။ နယ်ပယ်အသီး သီးက သူ့နေရာနဲ့သူ အောင်မြင်နေကြသူ တွေကို ဂုဏ်ပြုပေးအပ်တာလို့လည်း သိရ ပါတယ်။ အှုဝဲအနေနဲ့ ပြောချင်တာကတော့ ကိုယ့်ကိုယ်ကိုယ် အောင်မြင်တယ်ဆိုပြီး ဂုဏ်တပ်ချင်တာမျိုးတော့ မဟုတ်ပါဘူး။ ကိုယ်ကြိုးစားတယ်၊ ကြိုးစားမှုကို အသိအ မှတ်ပြုပေးတဲ့ ပွဲတစ်ခုလို့ပဲ မြင်ပါတယ်။ အဲဒီအတွက်လည်း ဝမ်းသာရပါတယ်။ ဒီလိုပွဲမျိုးတွေလုပ်ပေးတဲ့အတွက် ကိုယ့်လို လူငယ်တွေရော၊ နောက်ထပ်လူငယ်တွေ၊ လူငယ်တွေ အများကြီး ကြိုးစားချင်တဲ့စိတ် တွေ ပိုပြီးရှိလာတယ်လို့ အှုဝဲကတော့ ပြောချင်ပါတယ်။ တစ်နှစ်တာအကောင်းဆုံး ဆုလို့ သူတို့ဘက်ကနေ ရွေးချယ်ရေးအဖွဲ့ တွေရှိတယ်လေ။

"အဲဒီလိုသေချာစိစစ်ရွေးချယ်ပြီး ဒီဆုကိုပေးအပ်ကြတာဆိုတော့ ဘာပြော ပြော ဒီလိုပွဲမျိုးတွေ ရှိလာတာ ပိုကြိုးစား ချင်စိတ်တွေ ဖြစ်လာပါတယ်။ ပြီးတော့ အှုဝဲအခုလို ဆုရတယ်ဆိုတာလည်း ပရိသတ်တွေရဲ့ အှုဝဲအပေါ်ထားတဲ့ မေတ္တာ၊ စေတနာတွေကြောင့်ရယ်၊ ပြီးတော့ အှုဝဲက လည်း ကိုယ်လုပ်တဲ့အလုပ်အပေါ် သေချာ ကြိုးစားတာကြောင့် အခုလို ပြန်ရတာပေါ့ နော်"ဟု အကယ်ဒမီ အိန္ဒြာကျော်ဇင်က ပြောသည်။

မြစ်ကြီးနားပျိုး သစ်မွှေး ပျိုးပင်မျိုးသန့်သန့်

(ရောင်းရန်ရှိသည်)

ဆက်သွယ်ရန် - ဖုန်း-၆၂၀၆၀၉၊ ဆူမိုဓာတ်မြေဩဇာစက်ရုံ၊ ကျောက်ပြားလမ်း၊ အောင်မင်္ဂလာကျေးရွာ၊ အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု၊ မော်ဘီမြို့။

www.free4readers.com



# နိုင်ငံတကာ မှုခင်းများ

ဟန်သိန်း(သဋ္ဌန) စု စည်း တင် ပြ သည်

## လင်ဆီက PASSWORD တောင်းတာ မပေးလို့ဆိုပြီး လင်ကိုဓာတ်ဆီလောင်းပြီး အရှင်လတ်လတ်မီးရှို့သတ်သည့် အမျိုးသမီး

ဖြစ်မှုဖြစ်ရလေ၊ အင်ဒိုနီးရှားနိုင်ငံ Lombok မြို့တွင် ဇနီးမောင်နှံတွဲတစ်တွဲမှာ ဖုန်း Password နှင့်ပတ်သက်၍ စကားများရန်ဖြစ်ရာမှ ဇနီးသည်က ခင်ပွန်းကို အရှင်လတ်လတ် မီးရှို့သတ်ရန်ကြိုးစားသဖြင့် ဖမ်းဆီးခံခဲ့ရကြောင်း သိရ၏။





ဖြစ်စဉ်မှာ ခင်ပွန်းဖြစ်သူ Dedi Punama က နေအိမ်ခေါင်မိုးပြင်နေစဉ်တွင် ဇနီး Ilham Cahyani က ၎င်း၏ဖုန်း Password ကို လှမ်းတောင်းရာ အသက်(၂၆)နှစ်အရွယ်ခင်ပွန်းက မပေးလို့ဆိုပြီး အငြင်းပွားခဲ့ကြသည်။ ခင်ပွန်းက ခေါင်မိုးပေါ်မှဆင်းလာကာ ဇနီးကိုရိုက်ရာမှ ရန်ပွဲပြင်းထန်လာပြီး ဇနီးဖြစ်သူက ခင်ပွန်းကိုယ်ပေါ်သို့ ဓာတ်ဆီလောင်းချကာ မီးခြစ်ဖြင့် မီးရှို့ခဲ့သည်။ အိမ်နီးချင်းတစ်ဦး မီးတောက်များကို မြင်တွေ့ရမှ အပြေးအလွှားသွားရောက်ကူညီငြိမ်းသတ်ပေးခဲ့ရသည်။ Purnama ကို ဆေးရုံပို့ဆောင်ပေးခဲ့ရပြီး ဆေးရုံတွင် မီးလောင်ဒဏ်ရာများအတွက် နှစ်ရက်ကြာ ဆေးကုသမှုခံယူပြီးနောက် သေဆုံးသွားခဲ့သည်။ ရဲများက ဇနီးဖြစ်သူကို ထားကာ အရေးယူသွားမည်ဖြစ်သည်ဟု AP သတင်းအရ သိရ၏။

❖ ❖ ❖

## မလေးရှားဝန်ကြီးချုပ်ဟောင်း နေအိမ်မှ အကောင်းစားလက်ကိုင်အိတ်များ ငွေကြေးမျိုးစုံနှင့် လက်ဝတ်ရတနာများကို သိမ်းဆည်းရမိကြသတဲ့

မကောင်းသတင်းထွက်နေသော ဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇက်နှင့် ဆက်စပ်လျက်ရှိသည့် နေအိမ်များနှင့် ရုံးခန်းများကို စီးနင်းရှာဖွေရာတွင် ငွေသား၊ လက်ဝတ်ရတနာတို့နှင့် ပြည့်နေသော နာမည်ကျော်ဒီဇိုင်နာထုတ် လက်ကိုင်အိတ် အမြောက်အမြားကို မလေးရှားရဲများက သိမ်းဆည်းခဲ့သည်ဟု ပြည်တွင်းမီဒီယာတွင် မေ ၁၈ ရက်က ဖော်ပြခဲ့သည်။

ဝင်ရောက်စီးနင်းသည့် နေရာတစ်ခုတွင် သိမ်းဆည်းရမိသော ပစ္စည်းများ၏ တန်ဖိုးသည် များပြားလွန်းအားကြီးသောကြောင့် တန်ဖိုးကို ချက်ချင်းခန့်မှန်းရန် မဖြစ်နိုင်ကြောင်း မလေးရှားကုန်သွယ် ရာဇဝတ်စုံစမ်းရေးရဲတပ်ဖွဲ့၏ အကြီးအကဲ အာမာဆင်းက မေ ၁၈ ရက်တွင် မီဒီယာကို ပြောကြားခဲ့သည်။

"ကျွန်တော်တို့အဖွဲ့က ရဲတွေဟာ အဲ့ဒီအိတ်တွေကို စစ်ဆေးခဲ့ပါတယ်။ ခရီးဆောင်အိတ် ၇၂ လုံးထဲကနေ မလေးရှားရင်းဂစ်၊ အမေရိကန်ဒေါ်လာ အပါအဝင် ငွေကြေးအမျိုးမျိုး၊ နာရီတွေနဲ့ လက်ဝတ်ရတနာတွေကို ရှာတွေ့ခဲ့ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

နာဂျစ်အား ဖမ်းဆီးရုံးတင်မည်ဟု ကတိပြုထားမှုကို အသက် ၉၂ နှစ်ရှိ ဝန်ကြီးချုပ် မဟာသီဟာမိုဟာမက် ဦးဆောင်သော အစိုးရသစ်က ကတိပြုခဲ့သည့် မေ ၁၆ ရက်နောင်းပိုင်းမှစ၍ ရဲခန်းများက နာဂျစ်၏အိမ်နှင့် အခြားနေရာများကို ပိုက်စိပ်တိုက်စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ကြသည်။ ရဲများသည် စီးနင်းရှာဖွေမှုများကို နာရီ ၂၀ ကြာ ပြုလုပ်ခဲ့ကြခြင်းဖြစ်ပြီး နာဂျစ်၏ ကွန်ဒိုထဲမှ ယခုကဲ့သို့ သေတ္တာများ၊ ပစ္စည်းများကို သိမ်းဆည်းခဲ့ကြခြင်းဖြစ်သောကြောင့် နာဂျစ်နှင့် သူ၏ဇနီးကို မကြာမီ ဖမ်းဆီးတော့မည်ဟု သတင်းများ ကျယ်ပြန့်စွာ ထွက်ပေါ်ခဲ့သည်။ နာဂျစ်တို့ဇနီးမောင်နှံသည် နိုင်ငံခြားသို့ သွားရောက်ခြင်းမှ ပိတ်ပင်ခံထားရသည်။

သိမ်းဆည်းခဲ့သော ပစ္စည်းများထဲတွင် ဟာမက်စ်၊ ဘာကင်နှင့် လူးဝစ်ဗျူတန်လက်ကိုင်အိတ်များ ပါဝင်ခဲ့သည်ဟု အာမာဆင်းက ပြောကြားခဲ့သည်။ နာဂျစ်၏ ဇနီးသည် ဘာကင်အိတ်များကို အထူးနှစ်ခြိုက်သူဖြစ်ပြီး အဆိုပါအိတ်များ၏ ဈေးနှုန်းမှာ ဒေါ်လာ ၁၂၀၀၀ မှ ဒေါ်လာ ၂၀၀၀၀၀ အထိရှိသည်ဟု ဆိုသည်။

အရွယ်အစားအမျိုးမျိုးရှိသော ခရီးဆောင်အိတ်များနှင့် လက်ကိုင်အိတ်များ ပါဝင်သော လီမွှော်ရောင်သေတ္တာကြီးများကို ရဲများက ကွန်ဒိုထဲမှ တွန်းထုတ်လာသည်ကို ရုပ်သံပြကွက်တွင် မြင်တွေ့ခဲ့ရသည်။ သေတ္တာများပေါ်တွင် စိန်ပါသည့် အပြာရောင်မိကျောင်းသားရေတို့ဖြင့် ပြုလုပ်ထားသော တံဆိပ်များကို မြင်တွေ့ခဲ့ရသည်။ ၎င်းတို့သည် အသစ်ပုံစံပေါက်နေကြပြီး ၂၀၁၃ နှင့် ၂၀၁၅ တို့တွင် ပါရီနှင့် ဆွစ်ဇာလန်တို့အပါအဝင် နိုင်ငံခြားမှ ဝယ်ယူခဲ့ခြင်းဖြစ်နိုင်ဟု ယူဆရသည်။ နာမည်ကျော်ဒီဇိုင်နာထုတ် လက်ကိုင်အိတ် ၂၈၄ လုံးနှင့် ခရီးဆောင်လက်ဆွဲသေတ္တာ ၇၂ ခုတို့ကိုလည်း သိမ်းဆည်းရမိသည်ဟု ဆိုသည်။

ယခု သိမ်းဆည်းမှုသည် အမေရိကန်နှင့် အခြားသော နိုင်ငံများအပါအဝင် စုံစမ်းစစ်ဆေးလျက်ရှိသည့် နိုင်ငံပိုင်ရန်ပုံငွေ လာဘ်စားမှုအရှုပ်တော်ပုံကို စုံစမ်းစစ်ဆေးမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ဆင်းက ပြောကြားခဲ့သည်။

❖ ❖ ❖



## တရုတ်လေဆိပ်တွင် သူလျှိုလုပ်မှုဖြင့် ဩစတြေးလျစာရေးဆရာ အဖမ်းခံရ

ဇန်နဝါရီ ၁၉ ရက်က အသက်(၅၃)နှစ်အရွယ် ဩစတြေးလျစာရေးဆရာ ယန်ဟန်ဂျွန်အား တရုတ်နိုင်ငံတောင်ပိုင်း Cuangzhou Baiyun အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း တရုတ်အစိုးရအာဏာပိုင်က တရုတ်နိုင်ငံရှိ ဩစတြေးလျသံရုံးသို့ အကြောင်းကြားခဲ့သည်။



တရုတ်သံတမန်တစ်ဦးအဖြစ် ယခင်က အမှုထမ်းခဲ့ဖူးသူ စုံထောက်ဝတ္ထုရေးဆရာ ယန်ဟန်ဂျွန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ တရုတ်နိုင်ငံ Guangahou Baiyun အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဇနီး သမီးတို့နှင့်အတူ ရောက်ရှိလာပြီးနောက် ရှန်ဟိုင်းမြို့သို့ ဆက်လက်ထွက်ခွာရန် စီစဉ်ထားခဲ့သည်။ ရှန်ဟိုင်းမြို့သို့ထွက်ခွာမည့် လေယာဉ်ပေါ်သို့ မတက်ရသေးမီ ယန်ဟန်ဂျွန်အား တရုတ်ရဲတပ်ဖွဲ့ဝင် ၁၀ ဦးက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ယင်းလေဆိပ်တွင် ၁၂ နာရီခန့်ကြာအောင် စစ်ဆေးမေးမြန်းပြီးနောက် ယန်ဟန်ဂျွန်အား ဘေကျင်းမြို့သို့ခေါ်ဆောင်သွားပြီး အကျယ်ချုပ်ချထားသည်ဟု နောက်ဆုံးသတင်းများအရ သိရသည်။ သူလျှိုလုပ်မှုဖြင့် ၎င်းအား တရားစွဲဆိုမည်ဖြစ်သည်ဟုလည်း သိရသည်။

ယခုကဲ့သို့သော ကိစ္စမျိုးတွင် ပွင့်လင်းမြင်သာစွာနှင့် တရားမျှတစွာ ဆုံးဖြတ်ဆောင်ရွက်ရန် လိုအပ်သည်ဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး Marise Payne က ဆိုသည်။ သူမက ယခုအမှုနှင့်ပတ်သက်သော အသေးစိတ်ကိုမူ ထုတ်ဖော်ပြောဆိုခြင်းမပြုပေ။ သို့ရာတွင် ကနေဒါနိုင်ငံသားနှစ်ဦးအား ဘေကျင်းအစိုးရက ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းအပေါ် ဩစတြေးလျအစိုးရက ဝေဖန်ပြောဆိုခဲ့မှုနှင့် မပတ်သက်ဟု Marise Payne က ပြောကြားသည်။

❖ ❖ ❖

## နာမည်ဆိုတာ အရေးကြီးလို့ အမည်ပြောင်းမည့်ကိစ္စအတွက် ဂရိလွှတ်တော်မဲခွဲဆုံးဖြတ်ရာ ဝန်ကြီးချုပ်ဘက်က အနိုင်ရသွား



အိမ်နီးချင်းနိုင်ငံဖြစ်သည့် မက်ဆီဒိုးနီးယား အမည်ပြောင်းမည့်ကိစ္စအတွက် ဂရိလွှတ်တော်က အနိုင်ရသွားသဖြင့် ၂၇ နှစ်ကြာ အငြင်းပွားနေသည့် အမည်ကိစ္စ ပြေလည်သွားပြီဖြစ်သည်။ မြောက်မက်ဆီဒိုးနီးယားသမ္မတနိုင်ငံဆိုသည့် အမည်သစ်ကို ထောက်ခံကြောင်း အမတ်ပေါင်း ၁၅၃ ဦးက မဲထည့်ကာ အမတ်ပေါင်း ၁၄၆ ဦးက ကန့်ကွက်မဲထည့်ခဲ့ကြသည်။ ယင်းအမည်သစ်ကို နိုင်ငံသားအများစုက အပြင်းအထန်ကန့်ကွက်နေသော်လည်း လွှတ်တော်က အတည်ပြုလိုက်ခြင်းဖြစ်သည်။ မက်ဆီဒိုးနီးယားဆိုသည့် ဂရိပြည်နယ်ရှိသည့်အတွက် အိမ်နီးချင်းနိုင်ငံက မက်ဆီဒိုးနီးယားဆိုသည့်အမည် သုံးသည်ကို ဂရိအများစုက မကျေနပ်ကြခြင်းဖြစ်သည်။

ယင်းအမည်အတွက် ထိုနှစ်နိုင်ငံ အငြင်းပွားနေသည်မှာ မက်ဆီဒိုးနီးယားနိုင်ငံ လွတ်လပ်ရေးရသည့် ၁၉၉၁ ခုနှစ်ကတည်းက ဖြစ်သည်။ မြောက်မက်ဆီဒိုးနီးယားသမ္မတနိုင်ငံဆိုသည့် အမည်သစ်ကို လက်ရှိဂရိဝန်ကြီးချုပ်က လက်ခံသည်။ မက်ဆီဒိုးနီးယားနိုင်ငံသည် ယူဂိုဆလားဗီးယားမှ ခွဲထွက်လာသည့် နိုင်ငံဖြစ်သည်။ မက်ဆီဒိုးနီးယားကို ကုလကယူဂိုဆလပ်ဗ်နိုင်ငံဟောင်း မက်ဆီဒိုးနီးယားသမ္မတနိုင်ငံ (Fyrom) ဟု တရားဝင်ခေါ်ဆိုသည်။

**မှုခင်းသတင်းဂျာနယ် မှန်မှန်ဖတ်ခြင်းသည် ဓိမိဘဝ လုံခြုံရေးအတွက် ကာကွယ်ရေးဆေးတစ်မျိုး ကြိုသောက်ခြင်း ဖြစ်သည်။**

www.free4readers.com




